complimentary

# GEOSPARKS
## NEWSLETTER

MANDALAY technology
Technologies for Development

February 2017

မိမိတို့ ဘဝတွင်
တွေ့ကြုံနိုင်သည့်
အခက်အခဲ စိန်ခေါ်မှုများကို
ရင်ဆိုင်နိုင်ခြင်း၊ ကျော်လွှားနိုင်ခြင်း
စသည့် အရည်အချင်းများသည်

**ပညာ** ဖြစ်သည်

– ဒေါ်အောင်ဆန်းစုကြည်






နည်းပညာနှင့် သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေး နှီးနှောဖလှယ်ပွဲနှင့် ပြပွဲ (TVET Forum and Exhibition) မှ အမှတ်တရဓာတ်ပုံ

၃။ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးနှီးနှောဖလှယ်ပွဲ
၄။ မြန်မာ၁.၀မှမြန်မာ၄.၀သို့ ခုန်ပျံကျော်လွှားဖို့
၂၃။ Intergraph နည်းပညာကိုသုံး၍ အဆင့်မြင့်ခေတ်မှီသဘောများတည်ဆောက်ခြင်း

PEOPLE INNOVATION SUSTAINABILITY

PEOPLE
INNOVATION
SUSTAINABILITY

MANDALAY technology
Technologies for Development

Mandalay Technology is the leading technology and engineering company in Myamar with energetic and capable people providing innovative solutions and services contributing to the sustainable development of the country of Myanmar.




Myanmar Office : Room 504, Building 11, MICT Park, Hlaing Township, Yangon. Tel: +951 652285-86, +959 257 487 725-26
info@mandalay-technology.com, www.mandalay-technology.com
Singapore Office : 987 B Jurong West Street, 93#14-571 Singapore (642987), Tel: +(65) - 92399494

SGES
SARATHY GEOTECH & ENGINEERING SERVICES PVT. LTD.
(An ISO 9001:2008 & OHSAS 18001:2007 Certified Compnay)



Partner In Myanmar : Mandalay Technology

# TVET FORUM
# (Technical and Vocational Education and Training)
# နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးနှီးနှောဖလှယ်ပွဲ





နေပြည်တော်ရှိ မြန်မာ အပြည်ပြည် ဆိုင်ရာ ကွန်ဗန်းရှင်းဗဟိုဌာန အမှတ်(၂)တွင် ကျင်းပပြုလုပ်သည့် နည်းပညာ၊ သက်မွေးပညာ နှင့် လေ့ကျင့်ရေးနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားကို ၂၀၁၆ခုနှစ် ဇူလိုင်လ (၁၅)ရက် နှင့် (၁၆)ရက်များတွင် မန္တလေးနည်းပညာကုမ္ပဏီမှ ပြပွဲအခမ်းအနားစီစဉ်သူ (Exhibition organizer)အဖြစ်နိုင်ငံတော်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ" မိမိတို့ ဘဝတွင် တွေ့ကြုံနိုင်သည့် အခက်အခဲ စိန်ခေါ်မှုများကိုရင်ဆိုင်နိုင်ခြင်း၊ ကျော်လွှားနိုင်ခြင်း စသည့် အရည်အချင်းများသည် ပညာ ဖြစ်သည်ဟုခံယူကြပြီး မြန်မာနိုင်ငံ တွင် သက်မွေးပညာရေးကို ပထမတန်းစား ပညာရေးအဖြစ် တန်ဖိုးထားလာသည် အထိ ကြိုးပမ်း မြှင့်တင်ဆောင်ရွက်ကြရန်နှင့် ယနေ့ နှီးနှော ဆွေးနွေးပွဲတွင် မိမိတို့၏ပညာရေးစနစ်ကို လိုအပ်ချက်နှင့် ကိုက်ညီအောင်ပညာရေး ဝန်ကြီးဌာနဘက်နှင့် လုပ်ငန်းရှင်များမှမည်သို့ ကူညီနိုင်သည်ကို အကြံပြု စေလိုပါကြောင်း"ပြောကြားခဲ့ပြီးနောက် ခင်းကျင်း ပြသထားသော နည်းပညာ နှင့် သက်မွေးပညာရပ်ဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ ပါသည်။

သမ္မတကတော် ဒေါ်စုစုလွင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တို့မှလည်း နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ ပြခန်းများကို အသေးစိတ် လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပါသည်။

အသက်မွေးဝမ်းကျောင်း ပညာရေး သည် လုပ်ငန်းများ သို့ ကျွမ်းကျင်ပညာရှင် များ အဖြစ် ဝင်ရောက် လုပ်ကိုင်နိုင်စေရန် သင်ကြား လေ့ကျင့်ပေးသော ပညာရေး ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအချို့တွင် သက်မွေး ဝမ်းကျောင်း ပညာရေး သင်ကြားမှုနှင့် လေ့ကျင့် မှုတို့ကို အစိုးရအသိအမှတ်ပြုလေ့ကျင့်ရေးအဖွဲ့အစည်းများက သင်ကြား လေ့ကျင့်ပေးကြပြီး နိုင်ငံ အချို့တွင်မူ သက်မွေး ဝမ်းကျောင်း ပညာရေးကို ၎င်းတို့၏ နိုင်ငံ၏ ပညာရေး စနစ်တွင် အရေးပါလှသော အစိတ် အပိုင်း တစ်ရပ် အဖြစ်သတ်မှတ်ထားကြသည်။

နည်းပညာနှင့် သက်မွေးပညာ နှီးနှောဖလှယ်ပွဲ(Technical and Vocational Education and Training-TVET Forum)ကို မြန်မာနိုင်ငံ၏ နည်းပညာနှင့် သက်မွေးပညာရေး သင်ယူနိုင် သော အခွင့်အလမ်းများ ပိုမိုတိုးချဲ့ ဆောင်ရွက် နိုင်ရန်နှင့် နည်းပညာနှင့် သက်မွေး ပညာရေး ကဏ္ဍ တွင် သက်မွေး ပညာရေး သင်ယူနိုင်သော အခွင့်အလမ်းများ ပိုမို တိုးချဲ့ ဆောင်ရွက်နိုင်ရန်နှင့် နည်းပညာနှင့် သက်မွေး ပညာရေးကဏ္ဍ ၏ အရည်အသွေးနှင့် စီမံခန့်ခွဲမှုများ ပိုမိုအား ကောင်းလာစေရန် အတွက် အစိုးရ၊ ပုဂ္ဂလိက၊ စက်မှုလုပ်ငန်းများ၊ ပြည်တွင်း အဖွဲ့အစည်းများ နှင့် နိုင်ငံတကာမှ ဖွံ့ဖြိုးမှု မိတ်ဖက် အဖွဲ့အစည်း များ နှီးနှော ဖလှယ်၍ နည်းပညာနှင့်သက်မွေး ပညာရေး ကဏ္ဍအား ရေရှည် တိုးတက်ဖွံ့ဖြိုး စေရန် ဆောင်ရွက်နိုင်မည့် အစီအစဉ်များနှင့် လုပ်ငန်းနည်းလမ်း အဆင့်အဆင့်တို့အား ချမှတ် နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါ သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုနိုင်ငံရှိ နိုင်ငံသားတို့၏စွမ်းရည်ကို အကောင်းဆုံး မြှင့်တင်ပေးပြီး အထိရောက်ဆုံး အသုံးချနိုင်ဖို့ ပထမခြေလှမ်းအဖြစ် ပြုလုပ်ကျင်းပခဲ့သည့် နည်းပညာနှင့် သက်မွေးပညာ နှီးနှောဖလှယ်ပွဲ နှင့် ပြပွဲအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခွင့် ရခဲ့သည့်အတွက် မန္တလေး နည်းပညာ ကုမ္ပဏီမှ ကျေနပ်ဂုဏ်ယူရပါသည်။

တိုင်းပြည်၏လူ့စွမ်းအား အရင်းမြစ် များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်မှုများတွင် ဆက်လက် ပါဝင် ဆောင်ရွက် သွားပါမည်ဟု ဖော်ပြအပ်ပါသည်။


**TVET Forum & Exhibition**

**Improving TVET Access, Quality and Management to Promote Employment and Economic Modernization**

FORUM SPONSORS: ADB, Japan Fund for Poverty Reduction, BRITISH COUNCIL, giz, International Labour Organization, KFW, LUX DEV, unicef

EXHIBITION SPONSORS: MASCOTS (Diamond Sponsor), ROYAL POWER, MID (Platinum Sponsors), FESTO (Gold Sponsors), Canon (Silver Sponsors)

Exhibition organized by: MANDALAY Technology – Technologies for Development

15th -16th July, 2016

MICC-II, Nay Pyi Taw

# မြန်မာ(၁.၀)မှ မြန်မာ(၄.၀)သို့ခုန်ပျံကျော်လွှားဖို့

ဇော်နိုင်| zawnaing@mandalay-technology.com

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သော Industry 4.0 (စတုတ္ထစက်မှုကဏ္ဍပြောင်းလဲတိုးတက်မှု) ကွန်ဖရင့်သို့တက်ရောက်ခဲ့ရာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက်၊ မြန်မာနိုင်ငံ၏ အင်ဂျင်နီယာနှင့် နည်းပညာ သင်ကြားသင်ယူမှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အတွေးအမြင်များရရှိလာသည့် အလျောက်မျှဝေရန် ဤစာကိုရေးဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏စက်မှုရေးရာဝန်ကြီးဌာနမှ ရှင်းလင်းပြောကြားရာတွင် ထိုင်းနိုင်ငံသည် ယခုအခါ Thailand 4.0 ခေါ် ထိုင်းနိုင်ငံဖွံ့ဖြိုးတိုးတက်မှု အဆင့် (၄)သို့ ဦးတည်နေပြီဖြစ်ကြောင်း၊ Thailand 1.0 ခေါ် ဖွံ့ဖြိုးတိုးတက်မှု အဆင့်(၁)မှာ စိုက်ပျိုးရေးကို အခြေခံပြီး၊ အဆင့် (၂) တွင် အသေးစားစက်မှုလုပ်ငန်းများ၊ အဆင့် (၃)တွင် အကြီးစားစက်မှု လုပ်ငန်းများသို့ ဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း၊ ယခုအခါ အဆင့် (၄) အနေဖြင့် တီထွင်ဖန်တီးသော (Innovative)၊တန်ဖိုးမြင့်မားသော (High Value Base) လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ဖြစ်ကြောင်း၊ ထိုသို့ တိုးတက်ပြောင်းလဲရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအဆင့် (၄)နှင့် အညီ တိုးတက်ကြရမည် ဖြစ်ကြောင်းရှင်းလင်းပြောကြားပါသည်။

ဖေါ်ပြပါပုံအတိုင်း စက်မှုတော်လှန်ရေးခေါ် ပြောင်းလဲတိုးတက်မှု အဆင့်ဆင့် ဖြစ်ထွန်းခဲ့ပါသည်။ ပထမစက်မှု တော်လှန်ရေး တွင် စက်မှုနည်းပညာများနှင့် ရေအားနှင့် ရေနွေးငွေ့အားတို့ အသုံးပြုမှုတို့ ပေါ်ထွန်းခဲ့ပြီး ဒုတိယအဆင့်တွင် စက်ရုံအလုပ်ရုံများ၌ထုတ်လုပ်ရေးနည်းပညာများတိုးတက်လာပြီး လျှပ်စစ်ဓါတ်အားလည်းအသုံးပြုလာနိုင်၍ စက်မှုထုတ်ကုန်ပစ္စည်းများအမြောက်အများ ထုတ်လုပ်လာနိုင်ကြပါသည်။ ထိုမှတဆင့် ကွန်ပျူတာများနှင့် CAD (ကွန်ပျူတာအသုံးပြုဒီဇိုင်းရေးဆွဲခြင်း )၊ CAM (ကွန်ပျူတာအသုံးပြုထုတ်လုပ်ခြင်း)၊ Automation (အလိုအလျောက်မောင်းနှင်ထုတ်လုပ်ခြင်း) တို့ကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စွမ်းအားမြှင့်တင်လာနိုင်ကြ ပါသည်။




စက်မှုကဏ္ဍပြောင်းလဲတိုးတက်မှု အဆင့်ဆင့်

ယခုအခါ စတုတ္ထအဆင့် စက်မှုကဏ္ဍပြောင်းလဲတိုးတက်မှု (Industry 4.0) သို့ ချဉ်းနင်းဝင်ရောက်နေပြီဖြစ်ပါသည်။

ယနေ့ကမ္ဘာကြီးတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် (ICT)နည်းပညာများ လျှင်မြန်စွာ ပြောင်းလဲတိုးတက်လာသည် နှင့် အမျှ စက်မှုကဏ္ဍနှင့် အခြားနည်းပညာ ကဏ္ဍများတွင်လည်း အဆိုပါ (ICT) နည်းပညာများကို ပေါင်းစပ်အသုံးချပြီး ထုတ်လုပ်မှုနှင့်လူမှုဘဝကိစ္စအဝဝကို ပိုမိုတိုးတက်လာစေခဲ့ပါသည်။ RFID၊ SCADA၊ Wifi၊ WiMax၊ Broad band၊ အင်တာနက်၊ Cloud ခေါ် Internet တိမ်တိုက်၊ Internet of Things (IOT ) ခေါ် အင်တာနက်ဆက်သွယ်ကွန်ယက်၊ BIG Data (ဧရာမဒေတာ) ၊ Drone (မောင်းသူမဲ့ဒရုန်းများ)၊ စသောနည်းပညာတိုးတက်မှုများသည်စက်မှုနည်းပညာနှင့် ထုတ်လုပ်မှုကဏ္ဍများကို ဆပွားတိုးတက်စေပါသည်။

## မြန်မာနိုင်ငံပြောင်းလဲတိုးတက်မှု

ကျွန်တော်တို့ မြန်မာပြည်သူများမှာ တယ်လီဖုန်းတစ်လုံးကို ဆယ်သိန်း၊ ဆယ့်ငါးသိန်းပေးခဲ့ကြရသဖြင့် သုံးစွဲနိုင်သူ လူဦးရေအနည်းငယ်သာရှိခဲ့ရာမှ ဈေးချိုစွာဖြင့် အသုံးပြုလာနိုင်ကြသဖြင့် လူတိုင်းနီးပါးသုံးစွဲ လာနိုင်ကြပြီး လူမှုအဆင့်အတန်းတစ်ဆင့် မြင့်ခဲ့ပြီဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့၏ အဆင့်မြင့်တက်မှု တစ်ဆင့်မက ခုန်ပျံကျော်လွှားမြင့်တက်ခဲ့သည်ဟုလည်း ပြောနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ မိုဘိုင်းတယ်လီဖုန်း အများစု (၉၀%ကျော်မှာ) စမတ်ဖုန်းများ (Smart Phones) ဖြစ်နေကြပြီး ကျွန်တော်တို့ကဲ့သို့ စမတ်ဖုန်း ရာခိုင်နှုန်းများသော နိုင်ငံများမှာ တစ်ကမ္ဘာလုံးတွင် ကိုရီးယား၊ ဂျပန်နှင့် စင်္ကာပူ တို့သာရှိပါသည်။

မြန်မာနိုင်ငံစက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတို့တွင်လည်း ခုန်ပျံကျော်လွှား တိုးတက်ကြဖို့လိုပါသည်။ သို့မှသာ အချိန်တိုအတွင်း အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများနှင့် အမီလိုက်နိုင်ကြမည် ဖြစ်ပါသည်။




Thailand 4.0 Development Diagram
ထိုင်းနိုင်ငံဖွံ့ဖြိုးတိုးတက်မှု စတုတ္ထအဆင့် သရုပ်ပြပုံ

## မြန်မာ(၁.၀)မှ မြန်မာ(၄.၀)သို့

ထိုင်းနိုင်ငံ၏ Thailand 1.0 မှ Thailand 4.0 သို့ အဆင့်ဆင့်တိုးတက်ပြောင်းလဲမှုကဲ့သို့ပင် မြန်မာနိုင်ငံလည်း ပြောင်းလဲတိုးတက်မည်မှာမလွဲပါ။ သို့သော် ကျွန်တော်တို့ခုန်ပျံကျော်လွှားတိုးတက်၍ ရပါသည်။ မြန်မာ (၁.၀) (Myanmar 1.0) မှ မြန်မာ (၄.၀) (Myanmar 4.0) သို့ ကျော်လွှားတိုးတက်နိုင်ပါသည်။

ယနေ့မြန်မာပြည်တွင် တယ်လီဖုံးသုံးစွဲမှုနှုန်းမှာ လျင်မြန်စွာ တိုးတက်လျက်ရှိပြီး စမတ်ဖုံး(Smart Phones) များသုံးစွဲမှု မှာလည်း ထိပ်တန်းကမ္ဘာ့နိုင်ငံများနှင့် အပြိုင်ဖြစ် ပါသည်။ ကျွန်တော်တို့ခုန်ပျံကျော်လွှား ခဲ့ကြ ပါသည်။

ထိုနည်းတူ တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း ခုန်ပျံကျော်လွှားနိုင်ကြဖို့ကြိုးစားရပါမည်။

"မြန်မာ (၁.၀) (Myanmar 1.0) မှ မြန်မာ (၄.၀) (Myanmar 4.0) သို့ ကျော်လွှားတိုးတက်နိုင်ပါသည်။"

## ပညာရေးကဏ္ဍတိုးတက်ရန်

ခုန်ပျံကျော်လွှား တိုးတက်ရန် ပညာရေးအခြေခံကောင်းဖို့ တည်ဆောက်ကြရပါမည်။ အခြေခံပညာ ကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ အင်ဂျင်နီယာနှင့် နည်းပညာကဏ္ဍ၊ သက်မွေးမှုနည်းပညာကဏ္ဍ စသည့် ကဏ္ဍအသီးသီးတွင် အခြေခံကောင်းများ တည်ဆောက်ကြရပါမည်။

## အခြေခံပညာကဏ္ဍ

အခြေခံပညာကဏ္ဍတွင် ကျွန်တော်တို့မြန်မာပြည်သူပြည်သားကလေး သူငယ်များအားလုံး အခြေခံပညာအဆင့်ပညာရေးကို တက်ရောက်သင်ကြားလေ့လာနိုင်ကြပြီး ပညာတတ်သော လူထု၊ ပညာတတ်သော တိုင်းပြည်ဖြစ်အောင် ကြိုးစားကြရပါမည်။ မလွယ်ကူပါ။ သို့သော် မဖြစ်နိုင်သော ရည်မှန်းချက်မဟုတ်ပါ။ ကြိုးစားလျှင်ဖြစ်ရပါမည်။ အရေအတွက်မှ စပြီးလျှင် အရည်အသွေး ပြည့်ဝသော ကလေးသူငယ် လူငယ်များဖြစ်လာအောင် သင်ကြားသင်ယူမှု ပုံစံများကို တိုးတက်စေကြရပါမည်။ ဆရာအခြေပြု သင်ကြားမှုစနစ်များမှ ကျောင်းသားအခြေပြု သင်ယူလေ့လာမှုစနစ်များသို့ ၄င်းဒေသအလိုက် မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ရနိုင်သော အားများကို အခြေခံ၍ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တူညီသော ပညာရေးအခြေခံစံနှုန်းများနှင့် မတူညီသော ဒေသန္တရစာသင်ခန်းပုံစံများ၊ သင်ကြားမှုပုံစံများသို့လည်းကောင်း၊ အလွတ်ကျက်မှတ် ဖြေကြားဖြေဆိုရသောစနစ်မှ စဉ်စားတွေးခေါ်မှု ကိုယ့်အားကိုယ့်ကိုးမှုနှင့် တာဝန်ယူမှုတို့ကို လေ့ကျင့်သင်ကြားပေးသော ကျောင်းများ အဖြစ်သို့လည်းကောင်း ပြောင်းလဲတိုးတက်ကြရပါမည်။

ယနေ့ အခြေခံပညာရေးစံနစ်၏ ကောင်းသောအရည်အသွေးများဖြစ်သည့် စာရိတ္တအခြေခံမှု၊ ယဉ်ကျေးမှုနှင့် ဆရာမိဘများကိုလေးစားမှု၊ ပူးပေါင်း ဆောင်ရွက်မှုနှင့် ပြိုင်ဆိုင်မှု စသည်တို့ကို ထိန်းသိမ်းပြီးတိုးတက်ရန်လိုအပ်သည့် ကဏ္ဍများတွင် တိုးတက်အောင် ကြံဆောင် ကြရပါမည်။ ဆရာ၊ ဆရာမများမှ စ၍ အဆိုပါအရည်အသွေးသစ်များဖြည့်တင်းကြရပါမည်။ ပညာရေးကဏ္ဍအတွက် လုံလောက်သော ဘဏ္ဍာငွေများဖြည့်တင်းသုံးစွဲ၍ ဆရာ၊ဆရာမ များကိုတော်အောင်နှင့် ပျော်အောင် ပြုစုပျိုးထောင်မွေးမြူကြရပါမည်။ သို့မှသာ တော်သော ၊ ပျော်သော ဆရာ၊ ဆရာမများမှ တော်သော၊ ကောင်းသော ကျောင်းသား/ သူများကိုမွေးထုတ်ပေးနိုင်မည် ဖြစ်ပါသည်။

## အဆင့်မြင့် ပညာကဏ္ဍ

အဆင့်မြင့် ပညာရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲ တိုးတက်မှု များစွာ ဆောင်ရွက်နိုင်ပါသည်။

## အဆင့်မြင့် သိပ္ပံနှင့်ဝိဇ္ဇာ ပညာရေး

အဆင့်မြင့် သိပ္ပံနှင့် ဝိဇ္ဇာ ပညာရေးကိုတိုင်းပြည်၏အနာဂတ် ဖွံ့ဖြိုးတိုးတက်မှု အတွက် အခြေခံကောင်း များချပေးနိုင်ပြီးတိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သိပ္ပံပညာရှင်၊ ဝိဇ္ဇာပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး ဦးတည်ကြရပါမည်။ ဘွဲ့ရပြီးကိုယ်ရသောဘွဲ့နှင့် လုံးဝနီးပါး မသက်ဆိုင်သော အလုပ်များ လုပ်နေကြရသော အခြေအနေမျိုး မဖြစ်ကြရအောင်ပြုပြင် ပြောင်းလဲကြရပါမည်။

တက္ကသိုလ်များမှ ဘွဲ့ရသည့် ပညာတတ်လူငယ်များသည် လုပ်ငန်းခွင်သို့ ယုံကြည်မှုအပြည့်ဖြင့် ဝင်နိုင်ကြရပါမည်။ ပြဿနာများကိုဖြေရှင်းနိုင်စွမ်း (Problem Solving)၊ လုပ်ငန်းတစ်ခုကို တာဝန်ယူ ဆောင်ရွက်နိုင်မှု (Responsibility)၊ ခိုင်းတာ လုပ်သူမဟုတ်ဘဲ စတင်ဦးဆောင် လုပ်ဆောင်နိုင်မှု(Initiative) ရှိကြသူများ ဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရပါမည်။ ဆရာများနှင့် အပြိုင်ဆွေးနွေးနိုင်ကြသူများ ဖြစ်ကြရပါမည်။ ကျောင်းသား၊ ကျောင်းသူများ ကကြိုးစားကြဖို့ လိုသလိုဆရာ၊ ဆရာမ များကလည်း တပည့်များ ကို ဆွေးနွေးခွင့်၊ ငြင်းခုန်ခွင့်ပေးကြရပါမည်။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ စဉ်းစားတွေးခေါ်နိုင်စွမ်း ရင့်ကျက်ပြီး တာဝန်ယူမှုမြင့်မားလာသည်နှင့်အမျှ သူတို့ ကျောင်းပြီး၊ ဘွဲ့ရ၍ လုပ်ငန်းခွင် ဝင်ကြသည့် အခါ အကောင်းဆုံးနှင့် စွမ်းဆောင်မှု အမြင့်မားဆုံး လုပ်ကိုင်နိုင်ကြပြီး တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေါင်းဆောင်ငယ်များအဖြစ်ဖြင့် တစ်ထောင့်တစ်ကဏ္ဍမှ ပါဝင်နိုင်ကြမည် ဖြစ်ပါသည်။

## အဆင့်မြင့်ပညာ၊ သက်မွေးပညာ ပညာရေး

ဆရာဝန်၊ အင်ဂျင်နီယာ၊ ကွန်ပျူတာ ပညာရှင်၊ စီးပွားရေးပညာရှင်၊ ဘဏ်လုပ်ငန်း ပညာရှင်၊ သွား ဆရာဝန်၊ စိုက်ပျိုးရေးပညာရှင်၊ ရေကြောင်းပညာအဆင့်မြင့်သက်မွေးပညာရေး(Professional Education)မှစ၍ အခြားသောသက်မွေးပညာ(Vocational Education) ပညာရပ်များ (ဥပမာ - လျှပ်စစ်ကျွမ်းကျင်ပညာ၊ မြေယာရှုခင်း ကျွမ်းကျင်ပညာ၊ စာရင်းကိုင်(Accounting)ပညာ၊ ဟိုတယ်လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုပညာအမျိုးမျိုး) အင်ဂျင်နီယာစသော သက်မွေးပညာ တက္ကသိုလ် ပညာရေးကဏ္ဍ များတွင်လည်း နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာကုမ္ပဏီများ၊ လုပ်ငန်းများ၊ ပြည်တွင်း အဖွဲ့အစည်းများ လုပ်ငန်းများ၊ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ကြပြီး သီအိုရီနှင့် လက်တွေ့ပေါင်းစပ်သော ပညာရေးစနစ်မျိုး ဆောင်ရွက်နိုင်ကြပါသည်။

စက်ရုံ၊ အလုပ်ရုံများ၊ ဆေးရုံများ၊ ဘဏ်များ၊ ကုမ္ပဏီများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများစသော လုပ်ငန်းများ တွင် အလုပ်သင်ဝန်ထမ်းများ (Internship/ On Job Training ) အဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ကြရန် နည်းလမ်းများ ဖေါ်ဆောင်ကြရပါမည်။

တီထွင်ဆန်းသစ်မှု (Innovation)၊ အသစ်တီထွင်ဖန်တီးမှု (Creativity)၊ စဦးလုပ်ဆောင်မှု (Initiative) နှင့် ပညာရှင် ပီသမှု (Professionalism) တို့ရှိအောင် ပြုစုပျိုးထောင်ပေးကြရပါမည်။

ဂျာမနီနိုင်ငံ၏ (Dual Vocation Training System) သက်မွေးပညာသင်ကြားမှု ဒွိစံနစ်မှာ အတုယူစရာကောင်းလှပါသည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းစာသင် ခန်းထဲတွင် ၃၀% ခန့် သင်ကြားပြီးကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်းခွင်ထဲတွင် ၇၀% မျှသင် ကြားခြင်းဖြင့် သီအိုရီနှင့် လက်တွေ့၊ စာသင်ခန်း နှင့် လုပ်ငန်းခွင် ပေါင်းစပ်သင်ကြား ခြင်းဖြစ်ပါသည်။ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့တွင် ဤစနစ်ကို စတင်ကျင့်သုံးလာကြသည်ကို တွေ့ရပါသည်။ Work Integrated Learning (အလုပ်

နှင့် ပေါင်းစပ်သင်ကြားခြင်း) ဟုလည်းခေါ်ကြပါသည်။

ကိုရီးယားနိုင်ငံ၏ ထိပ်တန်း နည်းပညာတက္ကသိုလ် တစ်ခုဖြစ်သော Korea Advanced Institute of Science & Technology (KAIST) ကိုရီးယားသိပ္ပံနှင့် နည်းပညာ အဆင့်မြင့်သိပ္ပံတက္ကသိုလ်သို့ လေ့လာရေးရောက်စဉ်ကလည်း ကိုရီးယားနည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ထိုတက္ကသိုလ်ကျောင်းသား/သူ များကို လုပ်ငန်းခွင်များတွင် အလုပ်သင်ဝန်ထမ်းများအဖြစ် ခန့်ထားပြီး ပညာသင်ထောက်ပံ့ကြေးပေး၍ ပြုစုပျိုးထောင်မှုများကို မှတ်သားခဲ့ရ ပါသည်။

အမေရိကန်နိုင်ငံ၏ အဆင့်မြင့်ပညာရေးစနစ်တွင်မူ သုတေသနလုပ်ငန်းများမှာ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ တက္ကသိုလ်များတွင် သက်ဆိုင်ရာ ဌာနများအလိုက် စင်တာများ (Centers)၊ သုတေသနဌာနများတည်ထောင်ထားကြပြီး အဆိုပါစင်တာများ သုတေသန ဌာနများတွင် သုတေသန ပရောဂျက် စီမံကိန်းများ၊ သက်ဆိုင်ရာဘာသာရပ်အလိုက် လက်တွေ့ အသုံးချလုပ်ငန်းများအတွက် ပရောဂျက် စီမံကိန်းများကို လုပ်ဆောင်ကြခြင်းဖြင့် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပါဝင်ဖြည့်ဆည်းနေကြပါသည်။ စာသင်ခန်းများတွင်လည်း ကျောင်းသားအခြေပြု လေ့လာသင်ယူမှု များဖြင့် အသစ်တီထွင်မှုများ (Creation) ၊ ကောင်းသည်ထက်ကောင်းအောင် တိုးတက်ဖန်တီးမှုများ (Innovation) ကို တွေ့ရပါသည်။ နေ့စဉ်လူနေမှုဘဝထဲတွင် တွေ့ရသည့် ကိစ္စများကို သီအိုရီများနှင့် ပေါင်းစပ်လေ့လာ ဖြေရှင်းကြပြီး သီအိုရီအသစ်များ လေ့လာရှာဖွေမှု အသစ်များ၊ နည်းပညာအသစ်များ ဖန်တီးကြပါသည်။

လုပ်ငန်းခွင်နှင့် ပေါင်းစပ်လေ့လာခြင်း (Work Integrated Learning ) မှ တဆင့် Research and Development (R & D) သုတေသနနှင့် ဖွံ့ဖြိုးမှု အဆင့်ဆီသို့ရောက်အောင် သွားနိုင်ကြဖို့ ကြိုးစားကြပါမည်။

## လူ့စွမ်းအားအရင်းအမြစ်

တိုင်းပြည်၏နိုင်ငံရေး ပြောင်းလဲမှု၊ အစိုးရယန္တရားမောင်းနှင်မှု ပုံစံအသစ် တို့နှင့်အတူ စီးပွားရေး ၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု များကို အားလုံးက မျှော်လင့်ကြပါသည်။ ထိုမျှော်လင့်မှုများကို ဖြည့်ဆည်းပေးမည့်သူများမှာ အစိုးရသက်သက်မဟုတ်ပါ။ ကျွန်တော်တို့ အားလုံးဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံးသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအားအရင်းအမြစ် (Resources) များဖြစ်ကြပါသည်။ ကျွန်တော်တို့နှင့်အတူ အနာဂတ်၏လူ့စွမ်းအား အရင်းအမြစ်များကို စဉ်ဆက်မပြတ် ပြုစုပျိုးထောင် ကြရပါမည်။ ယနေ့ ကလေးသူငယ် များသည် အနာဂတ်၏ မျိုးဆက်သစ်များ ယနေ့ လူငယ်၊ လူရွယ်များသည် အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်ကြပါသည်။

ကျွန်တော်တို့ခုန်ပျံကျော်လွှားတိုးတက်နိုင်ပါသည်။ ခေါင်းဆောင်တစ်ဦးတည်း၊ အစိုးရတစ်ခုတည်းလုပ်၍မရပါ။ ကျွန်တော်တို့ အားလုံးပူးပေါင်းအားထုတ်ကြရပါမည်။

အနာဂတ်မျိုးဆက်သစ်များ တော်ကြတတ်ကြသည်နှင့်အမျှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြန်ဆန်ပါမည်။ ပညာရေး သည် အခြေခံကြပါသည်။ လုပ်ငန်းခွင်များနှင့် ပေါင်းစပ်သော ပညာရေး လက်တွေ့ကျသော ပညာရေး၊ အနာဂါတ်နိုင်ငံတော်၏ မျိုးဆက်သစ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်သော ပညာရေးစနစ်မျိုးဖြစ်အောင် ရည်မှန်း၍ စီမံချက်များ ချမှတ်အကောင်အထည်ဖော်ကြရပါမည်။

တိုင်းပြည်၏အသွင် ကူးပြောင်းဆဲကာလတွင်လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရန် ပညာရေး စနစ်အစိတ်အပိုင်းများကို အခြေခံမှစ၍ ပြုပြင်တိုးတက်ကြရပါမည်။

## မြန်မာ (၁.၀) မှ မြန်မာ (၄.၀) သို့ ခုန်ပျံကျော်လွှားဖို့

ကျွန်တော်တို့ အများကြီး နောက်ကျကျန်ခဲ့ပါသည်။ သို့သော် ကျွန်တော်တို့ ခုန်ပျံကျော်လွှားတိုးတက်နိုင်ပါသည်။ ခေါင်းဆောင်တစ်ဦးတည်း၊ အစိုးရတစ်ခုတည်းလုပ်၍မရပါ။ ကျွန်တော်တို့ အားလုံးပူးပေါင်း အားထုတ်ကြရပါမည်။ ပညာရေးစနစ်ကို ကောင်းသထက်ကောင်းအောင် ပြုပြင် တိုးတက်စေရပါမည်။ တော်သော ပျော်သော ဆရာ၊ ဆရာမများ ပြုစုပျိုးထောင်၍ တော်သော ကောင်းသော မျိုးဆက်သစ်များ မွေးထုတ်ကြရပါမည်။ လူ့စွမ်းအား အရင်းအမြစ်များအားကောင်းအောင် ပြုစုပျိုးထောင်မွေးမြူကြ ရပါမည်။

အားလုံးပါဝင်သော ညီညွတ်မှုစွမ်းအားဖြင့် မြန်မာပြည်ကြီး ခုန်ပျံကျော်လွှား တိုးတက်အောင် စွမ်းဆောင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဇော်နိုင်

## ဝန်ထမ်းများ၏လုပ်အားကုသိုလ်



မန္တလေးနည်းပညာကုမ္ပဏီမှ ဝန်ထမ်းများ သီရိမင်္ဂလာကျွန်းအား စေတီတော်ရင်ပြင် တံမြက်စည်းလှည်း သန့်ရှင်းရေးကုသိုလ် ပြုလုပ်ကြစဉ်။

## ဆုတောင်းမင်္ဂလာ

၂၀၁၇ခုနှစ်ဖေဖော်ဝါရီလ (၃)ရက်နေ့တွင် ကျရောက်သော ဦးမျိုးမင်းသိန်း၊ ဒေါ်လှဲ့လှဲ့ထွန်းတို့၏ သားဦးရတနာ ဝဏ္ဏကောင်းဆက်လင်း၏ တစ်နှစ်ပြည့်မွေးနေ့ မင်္ဂလာရက်မြတ်မှသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း မန္တလေးနည်းပညာကုမ္ပဏီမိသားစုမှ ဆုတောင်းမင်္ဂလာ ပို့သအပ်ပါသည်။



# တွေ့ဆုံဆွေးနွေးမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကွန်ဖရင့်များ။

## " လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန "



မန္တလေးနည်းပညာကုမ္ပဏီ၏ မန်နေဂျင်း ဒါရိုက်တာ ဦးဇော်နိုင်နှင့် ESRI Thailand မှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နှင့် နည်းပညာအကြံပေး (Business Development and Technical Consultant) Dr. Sukit Viseshsin တို့ ၂၀၁၆ခုနှစ်၊ ဇွန်လ (၈) ရက်နေ့တွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တွေ့ဆုံဆွေးနွေး ခဲ့ကြပြီး သဘာဝဘေးကာကွယ်ရေးနှင့် စီမံခန့်ခွဲမှု လုပ်ငန်းများတွင် GIS နှင့် Remote Sensing နည်းပညာအသုံးချမှုဆိုင်ရာလုပ်ငန်းများနှင့် ပက်သက်၍ ရှင်းလင်းတင်ပြခဲ့ကြပါသည်။

## " မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန "



၂၀၁၆ ခုနှစ် ဇူလိုင်လ (၇) ရက်နေ့တွင် မန္တလေး နည်းပညာကုမ္ပဏီ နှင့် ESRI Thailand တို့ ပူးပေါင်းပြီး မိုးလေဝသနှင့် ဇလဗေဒ အချက်အလက်ဆိုင်ရာ Sensors များမှ ပေးပို့လာသော အချက်အလက်များကို စုစည်း၍ Web ပေါ်တွင်လေ့လာစောင့်ကြည့်၊ ကြိုတင်အသိပေးနိုင်သော စနစ်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲတွင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာ ဟာရင်းနိုင်တီယမ်းမှ အဖွင့်အမှာစကားပြောကြားပေးခဲ့ပြီး မန္တလေး နည်းပညာကုမ္ပဏီမှ အမှုဆောင်ဒါရိုက်တာ ဦးမျိုးဇော်ဦး နှင့် ESRI Thailand မှ Dr. Sukit Viseshsin, Mr. Tanrat တို့မှ ဆွေးနွေးပို့ချခဲ့ပါသည်။

## " လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန "

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ယခင် ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန) တွင် ၂၀၁၆ ခုနှစ် ဇူလိုင်လ (၁၅) ရက်နေ့တွင် မန္တလေးနည်းပညာ ကုမ္ပဏီ နှင့် ESRI Thailand တို့ ပူးပေါင်း၍ Enterprise GIS နည်းပညာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းထွဋ်မှ အဖွင့်အမှာစကားပြောကြားဖွင့်လှစ်ပေးခဲ့ပါသည်။ မနက်ပိုင်းတွင် ESRI Thailand မှ Mr.Tanarat Mityodwong ( GIS Business Development Consultant) မှ ArcGIS Online အသုံးပြုပုံနှင့် ညနေပိုင်းတွင်လက်တွေ့ကွင်းဆင်း Dataကောက်ယူခြင်းကို ဆောင်ရွက် ခဲ့ပါသည်။

## " ပြည်သူ့အင်အား "

၂၀၁၆ခုနှစ်၊ ဇွန်လ(၂)ရက်နေ့တွင် ပြည်သူ့အင်အားဦးစီးဌာန၌ သန်းခေါင်စာရင်း မြေပုံထုတ်ခြင်း (Census Mapping) အတွက် GIS နှင့် Remote Sensing နည်းပညာအကြောင်းကို မန္တလေးနည်းပညာကုမ္ပဏီ၏ မန်နေဂျင်း ဒါရိုက်တာ ဦးဇော်နိုင်မှ ရှင်းလင်းပြောကြားခဲ့ပါသည်။ Geospatial Division ၏ အမှုဆောင်ဒါရိုက်တာ ဦးမျိုးဇော်ဦးမှလည်း GIS နည်းပညာပြောင်းလဲတိုးတက်မှုများကို ပြောကြား ခဲ့ပါသည်။ ESRI Thailand ၏ Mr.Tanarat Mityodwong မှလည်း Enterprise GIS အကြောင်း သရုပ်ပြရှင်းလင်း ပြသခဲ့ပါသည်။

## " စုစည်းရာ ၂၀၁၆ခုနှစ် "



"Myanmar Spatial Data Platform Conference" "စုစည်းရာ ၂၀၁၆ခုနှစ်"ကို နေပြည်တော် MICT II တွင် ၂၀၁၆ခုနှစ် မေလ (၁၆)ရက်နေ့မှ မေလ (၁၈)ရက်နေ့အထိ မြန်မာသတင်း အချက်အလက်စီမံခန့်ခွဲမှုအဖွဲ့အစည်း (MIMU) မှ ဦးဆောင်ကာ ကျင်းပခဲ့ပါသည်။

မန္တလေးနည်းပညာကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးဇော်နိုင်နှင့် ESRI (Thailand)မှ Dr. Sukit Viseshshinတို့သည် Private Sector Support For National Spatial Data Platforms (တိုင်းပြည်၏ Spatial Data Platforms တည်ဆောက်ရာတွင် ပုဂ္ဂလိကကဏ္ဍ၏ပါဝင်မှုဆိုင်ရာကဏ္ဍ) နှင့်ပတ်သက်၍ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

## ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် GIS နှင့် Remote Sensing နည်းပညာ ဟောပြောပွဲ

မြန်မာနိုင်ငံတွင် ကျောင်းသားကျောင်းသူ အများဆုံး တက်ရောက် ပညာသင်ကြား နေသော တက္ကသိုလ်ဖြစ်သည့် ရတနာပုံ တက္ကသိုလ် (မန္တလေး) တွင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နေ့၌ မန္တလေး နည်းပညာ ကုမ္ပဏီ၏ မန်နေးဂျင်း ဒါရိုက်တာ ဦးဇော်နိုင်က "GIS and Remote Sensing Technologies for Sustainable Development of Myanmar" (မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် GIS နှင့် Remote Sensing နည်းပညာ) ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပါသည်။

အဆိုပါဟောပြောပွဲသို့ ရတနာပုံ တက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီးဒေါက်တာ အေးကျော် နှင့် ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ နှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။

# ဆရာ၊ဆရာမများအတွက်သင်တန်း Training on Trainer (ToT)

ကောင်းထက်ဆွေ





မြန်မာနိုင်ငံ ပညာရေးစနစ် တိုးတက်ရန် လိုအပ်ချက်အများအပြားရှိသည့် အနက် အရေးကြီးသည့် လိုအပ်ချက်တစ်ခုမှာ ဆရာ၊ ဆရာမများကို စွမ်းရည်ပြည့်ဝစေရေး မြှင့်တင်ပေးနိုင်မည့် သင်တန်းများ (Training on Trainers) (ToT) များ ဖြစ်ပါသည်။

မော်တော်ကားထဲတွင်ရှိသော စက်ပစ္စည်းများ၏ အလုပ်လုပ်ပုံ၊ တစ်ခုနှင့် တစ်ခု ချိတ်ဆက်ထားပုံ၊ ပစ္စည်းတစ်ခုချင်းစီ၏ အလုပ်လုပ်ပုံများကို simulator boardများဖြင့် စမ်းသပ်ခြင်း၊ ကွန်ပျူတာနှင့် ချိတ်ဆက်၍ မော်တော်ကား၏ ချို့ယွင်းချက်ကို ရှာဖွေစမ်းသပ်ခြင်း၊ စသည့် စမ်းသပ်ပုံ များပါဝင်သည့် Autotronics Lab သင်တန်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံ သဘောတရား၊ သီအိုရီများကို Circuit ပြားများနှင့် Digital Display တို့တွဲဖက်၍ စမ်းသပ်ပုံများပါဝင်သော Electronics Lab သင်တန်းတို့အား ကျောက်ဆည်မြို့ရှိ ဘယ်လင်းနည်းပညာမြှင့်တင်ရေး သင်တန်းကျောင်းတွင် အစ္စရေးနိုင်ငံရှိ SES ကုမ္ပဏီမှ အကြီးတန်း အင်ဂျင်နီယာ ဖြစ်သော Mr.Yoran Mazor ကိုယ်တိုင် လာရောက်၍ ဆရာ၊ ဆရာမများအတွက် Traning on Trainer (ToT) ပို့ချပေးခဲ့ပါသည်။

သင်တန်းကာလ၌ ဆရာ၊ ဆရာမများသည် သင်ကြားပို့ချသောသင်ခန်းစာများအား စိတ်ဝင်တစား သင်ကြားခဲ့ကြပါသည်။ ထိုကဲ့သို့သောသင်တန်းများ၊ စက်ပစ္စည်းများနှင့် လက်တွေ့ခန်းများသည် တက္ကသိုလ်ကျောင်းတိုင်းတွင် ရှိပါက အနာဂတ်ပညာရေးတွင် အဆင့်မြင့်မား သွားမည်ဟုလည်း ခံစားမိပါသည်။ မိမိတို့တက္ကသိုလ် တက်ရောက်စဉ်ကာလတွင် ဆရာများသည် မိမိတို့၏ တပည့်သားများကို စေတနာအပြည့်ဖြင့် အားကြိုးမာန်တက်ပညာများ သင်ကြားပေးခဲ့သော်လည်း ကျောင်းတွင်းလက်တွေ့ စမ်းသပ်ပစ္စည်းများ နည်းပါးမှုက အားနည်းချက်ဖြစ်ခဲ့ရသည်။ ထိုအားနည်းချက်ကပင် ပညာသင်ကျောင်းသား ကျောင်း သူများ၏ ပညာရေးအဆင့်အတန်း မြင့်မားရေး အတွက် အတားအဆီး တစ်ခုဖြစ်ခဲ့ရသည်။ သို့သော် ယခုအခါ တက္ကသိုလ်ကျောင်း အများစုတွင် လက်တွေ့ စမ်းသပ်ပစ္စည်းများနှင့် လက်တွေ့ ခန်းများကို အသုံးပြု၍ သင်ကြား နေကြပြီဖြစ်ပါသည်။ ယခင်ကနှင့် မတူသည့်အခွင့်အရေးရရှိနေသော ယခုခေတ် ပညာသင် ကျောင်းသား၊ ကျောင်းသူ လူငယ်များ အနေဖြင့် ယခင်ကထက်ပို၍ ကြိုးစားကာ ရရှိလာသော အခွင့်အရေးကို အသုံးချတတ်စေရန် တိုက်တွန်းချင်ပါသည်။ တိုးတက်ပြောင်းလဲလာသော ခေတ်ကို အမှီပြု၍ အနာဂတ်ပညာရေး မျှော်မှန်းချက်များ မဝေးတော့သည့်အချိန်တွင် ပြည့်ဝလာတော့မည့် အရိပ်အယောင်များ မြင်တွေ့နေရပြီဖြစ်သောကြောင့် ပညာသင် လူငယ်များ ပျင်းရိမနေဘဲ ကိုယ်ပိုင် အသိစိတ် များဖြင့် အားသွန်ခွန်စိုက်၍ ပညာများ ရှာဖွေကြ သင်ယူကြစေလိုပါသည်။ သို့မှ သာအများ နည်းတူ ထူးချွန်သော၊ သူများထက် နောက်မကျသော မြင့်မားသည့် ပညာရေးအဆင့် အတန်းတခုဖြစ်လာပါလိမ့်မည်။

## စာမျက်နှာ(၁၅)မှအဆက်

စာမျက်နှာ(၁၅)မှအဆက်

များမှထုတ်လုပ်နိုင်ခဲ့ပြီး လွယ်ကူစွာရယူအသုံးပြုနိုင်ရန် KML, TIFF, JPG, GIS Data ဖိုင်များကို Website များဖြင့် ဖြန့်ဝေ ထားတာကို တွေ့ရပါတယ်။ အဲဒီမြေပုံများကို အသုံးပြုပြီး ပြန်လည် ထူထောင်ရေး လုပ်ငန်း များကိုလည်း အချိန်နှင့် တပြေးညီ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ အလျင်အမြန် တိုးတက်နေတဲ့ Digital ခေတ်မှာ GIS နည်းပညာကို အသုံးပြုပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ဆောင်လျက် ရှိပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

## စာမျက်နှာ(၂၂)မှအဆက်

စာမျက်နှာ(၂၂)မှအဆက်

အောင်ရှာလို့၊ ပြင်ဆင်လုပ်ဆောင်သွားမယ်လို့ မျှော်လင့်ပါ တယ်။ ၂၀၁၆ ကာလမှာ တွေ့ကြုံခဲ့ရတာတွေကို ကုစားပြီး၊ ၂၀၁၇ မှာ အရှိန်မြှင့်တင်နိုင်ဖို့အတွက် ၇ ရာခိုင်နှုန်း တိုးတက်မှုနှုန်းကို မှန်းဆထားတာ ဖြစ်နိုင်ပါတယ်။

သာမန်ပြည်သူတွေအနေနဲ့က စီးပွားရေးတိုးတက်မှုနှုန်းမြင့်တာ၊ နေးတာတွေကိုသိပ်ပြီး သတိထားမိမယ် မထင်ပါဘူး။ သူတို့သိတာက ဈေးနှုန်းရဲ့အတက်အကျ၊ ဝင်ငွေအခွင့်အလမ်းတွေနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေပဲ ဖြစ်ပါလိမ့်မယ်။ စီးပွားရေးတိုးတက်မှုကို တွန်းအားပေးမယ့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေကနေတဆင့် အလုပ်အကိုင် အခွင့်အလမ်းနဲ့ ဝင်ငွေအခွင့်အလမ်းတွေ တိုးပွားလာမယ်လို့ မျှော်လင့်ရပါတယ်။

အရေးအကြီးဆုံးအချက်တစ်ခုက သဘာဝတရားအလှအပနဲ့ သယံဇာတပေါများကြွယ်ဝပေမယ့်၊ လက်နက်ကိုင် ပဋိပက္ခတွေကြောင့် မခံစားနိုင်ဘဲဖြစ်နေတဲ့ အဖြစ်တွေကနေ ငြိမ်းချမ်းရေးရရှိ၊ နယ်မြေဒေသ အေးချမ်းလို့၊ ငြိမ်းချမ်းရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အတူယှဉ်တွဲ ဖြစ်ပေါ်လာဖို့အရေးပါ။

မင်္ဂလာရှိတဲ့ မြင်ကွင်းတွေကို ၂၀၁၇ ခုနှစ်အတွင်းမှာ တွေ့မြင်နိုင်ဖို့ ကျွန်တော်တို့ အားလုံးဝိုင်းဝန်း ကြိုးပမ်းအားထုတ်ကြရမှာပါ။

ခင်မောင်ညို(ဘောဂဗေဒ)

# Science, Technology and Engineering Education Solutions

## Our STEES Partners and Solutions

- Electrical Engineering
- Electronics Engineering
- Autotronics Engineering
- Mechatronics Engineering
- Mechanical Engineering
- Aeronautical Engineering
- Marine Technology
- Measuring and Testing Equipment

DM
K
DEGEM® SYSTEMS
SES Scientific Educational Systems
leXsolar
NeuLog
ELABO TrainingsSysteme Aus- und Weiterbildung GmbH
TERCO
Scientech
3B Scientific
Rexroth Bosch Group
PIGNAT
BYTRONIC Educational Technology
BEETEG
RJH FINISHING SYSTEMS

- Communication Engineering
- Chemical Engineering
- Renewable Energy
- Agricultural and Environmental Technologies
- Automation and Control Engineering
- Information Technology
- Science
  - Physics
  - Chemistry
  - Biology











# ပညာရေးအထောက်အကူပြု နည်းပညာပြပွဲနှင့် ဟောပြောပွဲ ကျင်းပ

(ရတနာပုံတက္ကသိုလ်)



မန္တလေး နည်းပညာ ကုမ္ပဏီမှ ပံပိုး ကူညီစီစဉ်သော ရတနာပုံ တက္ကသိုလ် (မန္တလေး)၏ ၁၆-နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် သိပ္ပံသုတေသနအထောက် အကူပြုပြပွဲနှင့် ဟောပြောပွဲကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂-ရက်နေ့ မှ ၂၃-ရက်နေ့ထိ စည်ကား သိုက်မြိုက် အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

"လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်နိုင်ရေး က တက္ကသိုလ်များမှာ တာဝန်ရှိပါတယ်။ တက္ကသိုလ်များက ပညာရေး ပြုပြင်ပြောင်းလဲရေးမှာ ခေတ်နှင့်အညီ ပါဝင်ဆောင်ရွက်ရမှာ ဖြစ်ပြီး အရည်အချင်းပြည့်မီတဲ့ ပညာရေးစနစ် ဖြစ်ထွန်းလာဖို့ နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး သုတေသန လုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။" ဟု ပညာရေး ဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန (မန္တလေးရုံးခွဲ) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း က ပြောကြားခဲ့ပါသည်။

"ရတနာပုံ တက္ကသိုလ် (မန္တလေး) ကို၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၂-ရက်က တက္ကသိုလ် အဖြစ် ဖွင့်လှစ်ခဲ့ပြီး ဖွန်လမှာ စတင်ဖွင့်လှစ် သင်ကြားခဲ့ရာ ကျောင်းသား / ကျောင်းသူ ၄၈၀၀-ကျော်ဖြင့်ဝိဇ္ဇာအထူးပြု ဘာသာရပ် ၁၁-ခုနှင့် သိပ္ပံဘာသာ အထူးပြု ဘာသာ ရပ် ၇-ခု၊စုစုပေါင်း ၁၈-ခု သင်ကြားပို့ချပေးနိုင်ခဲ့ ရာမှ ယခု အချိန်၌ ဝိဇ္ဇာဘာသာ အထူးပြု ၁၃-ခု၊သိပ္ပံဘာသာ အထူးပြု ၁၁-ခု စုစုပေါင်း ၂၄-ခုသင်ကြားပို့ချပေးပြီး ၊ အထက်မြန်မာ ပြည်က ကျောင်းသားတွေ တက်ရောက်နေ ကြပါတယ်။ ခုချိန်မှာ ကျောင်းသား/ကျောင်းသူ နှစ်သောင်းကျော်ရှိပါတယ်၊ ရတနာပုံ တက္ကသိုလ်ကနေပြီး အထက်မြန်မာပြည်မှာ လူ့စွမ်းအားအရင်းအမြစ်တွေကို ပြုစုပျိုး ထောင်ပေးနေတာပါ။ပညာရေးမှာ ခေတ်နဲ့ အညီပါဝင် ဆောင်ရွက်လျက်ရှိပါတယ်။"ဟု ရတနာပုံ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အေးကျော်က ပြောကြားခဲ့ပါသည်။

ဟောပြောပွဲတွင် ဆရာ ဦးကျော်ကျော်လှိုင် (SMART) မှ "အောင်မြင်သော လူငယ် အောင်မြင်သောနိုင်ငံ" ခေါင်းစဉ်ဖြင့် လည်းကောင်း ၊ ဆရာ ဒေါက်တာ တင်အောင်ရွှေ မှ "တစ်ခါက တက္ကသိုလ်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မန္တလေးနည်းပညာ ကုမ္ပဏီမှ အမှုဆောင် ဒါရိုက်တာ ဦးကောင်းဇံ မှ "Student, Technology, Education and National Development" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးရဲမြတ်သူမှ "လူငယ်နှင့် နည်းပညာ" ခေါင်း စဉ်ဖြင့် လည်း ကောင်း၊ ဦးဇေယျာထွန်း မှ "လူငယ်နှင့် ပရဟိတ" ခေါင်းစဉ်ဖြင့် လည်းကောင်း ၊ Telenor Myanmar မှ ဒေါ်ရွှေရည်ဝင်းလဲ့ မှ "Grow your career online" ခေါင်းစဉ်ဖြင့် လည်းကောင်း ၊ ဦးထွန်းခိုင် မှ "Towards better user experience" ခေါင်းစဉ်ဖြင့် လည်းကောင်း ၊ ဦးညီမင်းဆက် မှ "From Innovation To Social Impact" ခေါင်းစဉ် ဖြင့်လည်း ကောင်း အသီးသီး ဟောပြောပို့ချ ခဲ့ပါသည်။

ပြပွဲတွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် စေရန်အတွက် နည်းပညာဆိုင်ရာ-Software များ၊ ကွန်ပျူတာ သင်တန်းကျောင်းများ၊ ဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများ၊ နောက်ဆုံးပေါ် အီလက်ထရောနစ် ပစ္စည်းများ၊ ကွန်ပျူတာ ဆက်စပ် ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းများ၊ ကျောင်းသုံး/ရုံးသုံး၊ Office Automation ပစ္စည်းများ၊ Mobile Phoneနှင့် ဆက်သွယ်ရေး ဆိုင်ရာလုပ်ငန်းများ၊ ဓာတ်ခွဲခန်းသုံး ပစ္စည်းများ၊ ဆက်သွယ်ရေး ပစ္စည်းများ ၊ ခေတ်မီ Mobile Money နည်းပညာများ ၊ ပညာရေး သင်ထောက်ကူ ပစ္စည်းများအား ပြသခဲ့ကြပါသည်။

ရတနာပုံ တက္ကသိုလ် အနေဖြင့် ခေတ်နှင့် အညီ ပညာရေး ကဏ္ဍ တိုးတက်စေရန် နိုင်ငံ တကာနှင့် ချိတ်ဆက်၍ ပညာရပ် ဆိုင်ရာ ဖလှယ်ရေး၊ ပူးပေါင်း ဆောင်ရွက်ရေး တို့တွင် ဆောင် ရွက်နေကြောင်း၊ စာပေ၊ ဂီတ၊ အနုပညာ လှုပ်ရှားမှု များတွင်လည်း တက်ကြွစွာ ဆောင်ရွက်လျက် အနာဂတ် ခေါင်းဆောင်ကောင်းများ ဖြစ်လာအောင် မျိုးဆက်သစ် လူငယ်များအား ပြုစုပျိုးထောင် လျက်ရှိပါသည်။ ထို့သို့ အနာဂတ် မျိုးဆက်သစ် လူငယ်များ အတွက် ဗဟုသုတများစွာ ရရှိ သည့် "ပညာရေး အထောက်အကူပြု နည်းပညာပြပွဲနှင့် ဟောပြောပွဲ" များကို ဦးစီးကျင်းပ ပြုလုပ်ခွင့်ရရှိသဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက် မိပါသည်။ ထို့အပြင် ဟောပြောပေးပါသော ဝါရင့် စာရေးဆရာ ကြီးများ နှင့် ပညာရှင်များ၊ media partner များ ဖြစ် ကြသော အင်တာနက် ဂျာနယ် နှင့် Myanmar Digital Life ဂျာနယ် တို့ကို လည်းကောင်း၊ ကူညီ ပံ့ပိုး ပေးခဲ့ကြသော Sponsor ကုမ္ပဏီများ ကိုလည်း အထူး ကျေးဇူး တင်ရှိပါကြောင်း GeoSparks မှ တစ်ဆင့် ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည်။ ။

# ပညာရေးပုစ္ဆာအတွက် အဖြေတစ်ချက်

ဇော်နိုင် | zawnaing@mandalay-technology.com

> "အနာဂတ်သည် ကျွန်တော်တို့ လူငယ်များ၏ လက်ထဲတွင် ရှိပါသည်။"

မြန်မာနိုင်ငံ၏ ပညာရေးဆိုင်ရာ ကိန်းဂဏန်းများက ကြောက်စရာ ကောင်းလှ သည်။ ယနေ့မြန်မာလူငယ်များ ၏ ငါးဆယ်ရာခိုင်နှုန်းကျော်(ထက်ဝက်ကျော်)မှာ အလယ်တန်းပညာရေး မပြီးခဲ့ကြပါ။ တစ်နည်းအားဖြင့် ပြောလျှင် ရှစ်တန်း(အဌမတန်း)မအောင်ကြပါ။

အသက်(၁၈)နှစ် မှ (၂၇)နှစ် အတွင်းလူငယ်များ၏ တစ်ရာခိုင်နှုန်း (၁%) အောက်နည်းသော အရေအတွက် မျှသာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုလုပ်ငန်း ကဲ့သို့သော အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုခုကို သင်ယူလေ့လာခဲ့ကြသည်။

၂၀၁၆ခုနှစ် ဇူလိုင်လ (၁၅)ရက်နေ့က နေပြည်တော်တွင်ကျင်းပခဲ့သော TVET Forum (နည်းပညာနှင့် သက်မွေးပညာရေး နှင့် လေ့ကျင့်ရေး နှီးနှောဖလှယ်ပွဲ)တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က နိုင်ငံသစ် တည်ဆောက်ရေး အတွက် Vocational Education ခေါ် သက်မွေးပညာရေး အရေးကြီးကြောင်း နှင့် ထူထောင် ကြဖို့ အားလုံးကြိုးစားကြဖို့ လိုကြောင်းတိုက်တွန်းလမ်းညွှန် ဦးဆောင်မှုပေးခဲ့ပါသည်။

သို့သော် ပညာရေးဝန်ကြီးဌာနမှ ကိန်းဂဏန်းများအရ လွန်ခဲ့သော ပညာသင်နှစ် တွင် အခြေခံပညာ အထက်တန်း ကျောင်းသူ၊ ကျောင်းသားရှစ်သိန်းခန့် ရှိသော်လည်း နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ နှစ်စဉ်လက်ခံ သင်ကြားပေးနေသော အရေအတွက်မှာ ကိုးထောင်ကျော်သာ ရှိကြောင်း သိရှိရပါသည်။

အခြားသော ဝန်ကြီးဌာန အသီးသီးနှင့် အဖွဲ့အစည်းအသီးသီးမှ တင်ပြရှင်းလင်းခဲ့သော ကိန်းဂဏန်းများမှာလည်း ရာဂဏန်း၊ ထောင်ဂဏန်း၊ အများဆုံးသောင်းဂဏန်းမျှသာ ရှိနေသေးသဖြင့် ဖော်ပြပါ TVET (ဝါ) နည်းပညာ နှင့်သက်မွေးပညာကဏ္ဍကို ချဲ့ထွင် ရန် လိုအပ်နေသေးကြောင်းတွေ့ရှိရပါသည်။

ဆိုရလျှင် မြန်မာလူငယ်များ၏ လက်ရှိပညာတတ်မြောက်မှု အခြေအနေနှင့် သက်မွေးပညာကျွမ်းကျင်မှုမှာ အားနည်းနေကြောင်း တွေ့ရပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာလျှင် တောင်မှ သေချာလေ့ကျင့်ထားသော ကျွမ်းကျင် လုပ်သားများ အဆင်သင့် ရှိမနေသေးကြောင်း တွေ့ရှိရပါသည်။

မျှော်လင့်ချက်များ လည်းရှိပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဦးဆောင်၍ ပညာရေး ကဏ္ဍကို အခြေခံကျကျပြုပြင်ပြောင်းလဲရန် အစီအမံများ ချမှတ်ပေးလျက်ရှိပြီး ပါဝင်သင့်သူ အားလုံးပါဝင်နိုင်ကြရန် ဖိတ်ခေါ်၍ စုပေါင်းပါဝင် ဆောင်ရွက်လျက်ရှိခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ(ဥပမာ - UNDP ၊ ADB ၊ World Bank ၊ JICA ၊ KOICA ၊ SDC ၊ GIZ စသည်)၊ ပြည်တွင်းအဖွဲ့အစည်းများ (ဥပမာ - UMFCCI ၊ MES ၊ MCF ၊ MPTA စသည်) အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားအဖွဲ့အစည်းများ အား လုံးတို့မှ ပညာရေး အရေးကြီးကြောင်းနှင့်ပညာရေးတွင် ရင်းနှီးမြှုပ်နှံကြရန် ပြောဆို၊ ဆွေးနွေးလျက်ရှိကြပြီး မိမိတို့တတ်နိုင်သည့်ဖက်မှ တတ်နိုင်သလောက် ပါဝင်ဆောင်ရွက်လျက်ရှိကြခြင်းတို့မှာ မျှော်လင့်ချက်များဖြစ်ကြပါသည်။

မကြာသေးခင်က ကျွန်တော် နည်းပညာနှင့် ပညာရေးနယ်ပယ်မှ ပုဂ္ဂိုလ်သုံးဦးနှင့် တွေ့ဆုံဖြစ်ပါသည်။ ကေအမ်ဒီ(KMD) မှ ဆရာဦးသောင်းတင်၊ ဂတ်စ်တို(GUSTO) မှ ကိုဝင်းထိန်ဝင်း၊ "လူကြီးမင်း" မှ ကိုပြည်စိုးထွန်း တို့နှင့် ကျယ်ပြန့်တိုးတက်လာသော တယ်လီဖုန်းကွန်ယက်များကိုပညာရေးအတွက်မည့်သို့ အသုံးချနိုင်မည်နည်း ဆိုသောမေးခွန်းကို မေးမြန်း၍ ဆွေးနွေးဖြစ်ခဲ့ကြပါသည်။

ဆွေးနွေးချက်များမှာ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍအတွက် အထောက်အကူပြုလိမ့်မည်ဟုယုံကြည်ပါ သဖြင့် ယခု စုစည်းဖော်ပြလိုက်ပါသည်။ ပြီးပြည့်စုံသည်ဟု မယူမှတ်စေလိုပါ။ လိုအပ်သည့်နေရာတွင် ပေါင်းစပ်ဖြည့်စွက်ကြ ခြင်းဖြင့်ပို၍ ကောင်းမွန်သောအချက်အလက်များရှာဖွေတွေ့ရှိနိုင်ပြီး မြန်မာလူငယ်များအတွက် ပိုမိုကောင်းမွန်သော ပညာရေးအခြေခံကောင်းများဖန်တီးရာတွင်အထောက်အကူပြုပါလိမ့်မည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံအနာဂတ် ပိုမိုလှပဖို့အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါသည်။

## တယ်လီဖုန်းနှင့် အင်တာနက်စံနစ်များ လျင်မြန်စွာတိုးတက်လာခြင်း

ယနေ့ မြန်မာနိုင်ငံလူဦးရေသန်း ငါးဆယ်ကျော်၏ ထက်ဝက်ကျော်မှာ တယ်လီဖုန်းရှိကြပြီး၊ လာမည့် (၂)နှစ် အတွင်းလူဦးရေ၏ ၉၀% ကျော်တယ်လီဖုန်းများရှိလာကြပါမည်။ တစ်ကမ္ဘာလုံးတွင် မြန်မာနိုင်ငံသည် Smart Phone ခေါ် ဒေတာနှင့် အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်သော ဖုန်းပိုင်ဆိုင်မှု ရာခိုင်နှုန်း အများဆုံးနိုင်ငံ ဖြစ်လာပါသည်။ အခြားသော ဖွံ့ဖြိုးပြီး နိုင်ငံများတွင်ပင် ဖုန်းဆက်သွယ်မှုသက်သက်အတွက်သုံးသော တယ်လီဖုန်းများ သုံးစွဲသူအရေအတွက် တော်တော်များများ ရှိနေဆဲအချိန်တွင် မြန်မာပြည်သူအများစုမှာ ဖုန်းကိုဖုန်းပြောရုံသက်သက်မဟုတ်ဘဲ အင်တာနက်ချိတ်ဆက်အသုံးပြုကြပါသည်။



ဦးဇော်နိုင်



ဦးပြည်စိုးထွန်း



ဦးသောင်းတင်



ဦးဝင်းထိန်ဝင်း

## ကြီးမားစွာ ထောက်ကူနိုင်ခြင်း

ပညာရေးကဏ္ဍ၏ အဓိက အခက်အခဲ တစ်ခုမှာ ပညာသင်လိုသူတို့(သို့မဟုတ်) ပညာသင်ယူသင့်သူတို့ အတွက် အလွယ်တကူသွားရောက်နိုင်မည့် ပညာသင်ကြားပေးမည့် နေရာဌာန (ကျောင်းများ / တက္ကသိုလ် ကောလိပ်များ) ဖွင့်လှစ်ပေးနိုင်မှု အခက်အခဲ ဖြစ်ပါသည်။ (Accessibility) နည်းပါးခြင်း ဖြစ်ပါသည်။ သင်ယူနိုင်မှု အခွင့်အလမ်းနည်းပါးခြင်းဟုလည်း ဆိုနိုင်ပါသည်။ တိုင်းပြည်၏ နေရာဒေသအနှံ့သို့ သင်တန်းကျောင်းများ၊ ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ သွားရောက်ဖွင့်လှစ်နိုင်ဖို့ အတွက် ငွေကြေးအရင်အနှီးကြီးမားစွာ လိုအပ် ပါသည်။ ဆရာ၊ ဆရာမများ အများအပြားလိုအပ်ပါသည်။ စီမံခန့်ခွဲမှုကိစ္စရပ်များ ရင်ဆိုင် ကြရပါသည်။

အဆိုပါ အခက်အခဲကို နည်းပညာများဖြင့် ကြီးမားစွာထောက်ကူနိုင်ပါသည်။ ယနေ့ ကျယ်ပြန့်လာသော ဆက်သွယ်ရေး ကွန်ယက်များ၊ များပြားကျယ်ပြန့်စွာ သုံးလာနိုင်သော တယ်လီဖုန်းများ ပေါ်မှနေ၍ ဖေ့စ်ဘွတ် (facebook)၊ ဗိုက်ဘာ(Viber) စသော လူမှုကွန်ယက်များကို ကျယ်ပြန့်စွာ အသုံးပြု နေကြသကဲ့သို့ပင် ပညာရေး ဝက်(ဘ်)ဆိုဒ်များ၊ ပညာရေး အသုံးချဆော့ဖ်ဝဲလ်(Application Software) များကို ပညာသင်ယူသူ၊ ပညာလိုလားသူ၊ ပညာလိုအပ်သူများ အသုံးချနိုင်အောင်၊ ဝင်ရောက်သုံးနိုင်အောင်ဖန်တီးပေးနိုင်လျှင် နိုင်ငံအနှံ့ ကျောင်းများ ဖွင့်လှစ်ခြင်းနှင့် တူပါသည်။ Digital Schools၊ Digital Training Centers၊ Digital Education ဟုဆိုအပ်သော ဒစ်ဂျစ်တယ် ကျောင်းများ၊ ဒစ်ဂျစ်တယ် သင်တန်းများ၊ ဒစ်ဂျစ်တယ် ပညာရေး စနစ်များဖြင့် နိုင်ငံအနှံ့သို့ ပညာရေးကွန်ယက်ဖြန့်ကျက်နိုင် ပါမည်။

## အခက်အခဲများနှင့် စိန်ခေါ်ချက်များ

အခွင့်အလမ်းများ နှင့်အတူ အခက်အခဲများ၊ စိန်ခေါ်မှုများရှိနေပါသေးသည်။

(၁) သင်ကြားမည့် ဘာသာရပ်များကို ကွန်ပျူတာစနစ်/ တယ်လီဖုန်း မိုဘိုင်းစနစ်ထဲသို့ ထည့်သွင်းရန်(Content Digitization) မှာအချက်အလက်များလျှင်များသလောက် အချိန်ကြာပါမည်။

(၂) မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ် လိုအပ်ချက်များအလိုက် ဘာသာရပ်အသစ်များ၊ သက်မွေးပညာရပ် အသစ်များ သင်ကြားရန်လိုအပ်လာမည်ဖြစ်သဖြင့်အဆိုပါပညာရပ်၊ ဘာသာရပ်အသစ်များအတွက် သင်ကြားမှု သင်ရိုးညွှန်းတမ်းများနှင့် သင်ခန်းစာများ ရေးသားပြီး ကွန်ပျူတာနှင့် တယ်လီဖုန်းမိုဘိုင်းစံနစ်များအတွင်းသို့ ထည့်သွင်းကြရ ပါမည်။

(၃) အလုပ်အကိုင်၊ နေရာအသီးသီး အတွက် ကျွမ်းကျင်မှုစံချိန်၊ စံညွှန်းများ (Skills Standards) သတ်မှတ်ခြင်းနှင့် အဆိုပါ သက်မွေးပညာရပ်၊ အလုပ်အကိုင်စံညွှန်းများ ပြည့်မီရန် အတွက် သင်တန်းကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို အကဲဖြတ်စစ်ဆေးရာတွင် အထက်တွင် ဆွေးနွေးခဲ့သည့် သင်ရိုးညွှန်းတမ်းများနှင့် သင်ခန်းစားများကိုပါ အကဲဖြတ်စစ်ဆေးရန်လိုအပ်လာပါမည်။ သို့သော် အဆိုပါသင်ရိုးညွှန်းတမ်းများ နှင့် သင်ခန်းစာများမှာ တိုင်းနှင့်ပြည်နယ်အသီးသီး ဒေသအလိုက်၊ သင်တန်းကျောင်းများ နှင့် တက္ကသိုလ်ကောလိပ်များ အလိုက် ကွာခြားနိုင်ပြီး အဆိုပါကွာခြားမှုကိုလက်ခံ အသိအမှတ်ပြုမှတ်ပုံတင်ပေးရန် အခက်အခဲများနှင့် စိန်ခေါ်မှုများရှိလာပါမည်။ ထို့အပြင်ဒစ်ဂျစ်တယ် ကျောင်းများကို အသိအမှတ်ပြုရန်လည်း စိန်ခေါ်ချက်တစ်ခုဖြစ်ပါသည်။

(၄) အချို့သော ဘာသာရပ်များမှာ လက်တွေ့ဆောင်ရွက်ရန် လိုအပ်နေသေး သဖြင့် လက်တွေ့ဆောင်ရွက်နိုင်ရေး အစီအမံများနှင့် လက်တွေ့သင်ကြားပြသပေးမည့် ဆရာ၊ ဆရာမများလိုအပ်နေပါဦးမည်။

(၅) ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်များသို့ လူကိုယ်တိုင်သွားရောက်လေ့လာသင်ကြားမှုမှသည် တယ်လီဖုန်း/ မိုဘိုင်း/ကွန်ပြူတာ/ အင်တာနက်တို့မှတစ်ဆင့်သင်ယူလေ့လာမှုသို့ ပြောင်းပြီး လေ့လာသင်ယူရန် မဝံ့မရဲရှိကြဦးမည် ဖြစ်သည့်အပြင် အဆိုပါ ဒစ်ဂျစ်တယ် သင်တန်းကျောင်း၊ ဒစ်ဂျစ်တယ်ကျောင်း၊ ဒစ်ဂျစ်တယ် ပညာရေးစံနစ်တို့မှ အသိအမှတ်ပြု အောင်လက်မှတ်၊ ဘွဲ့လက်မှတ်များကို လက်ခံအသိအမှတ်ပြုရန်လည်း သက်သေပြရင်ဆိုင် ဖြေရှင်းကြရပါမည်။

## နည်းလမ်းများ

(က) ကွန်ပျူတာပညာရှင်များ၊ ကွန်ပြူတာအသင်းများနှင့် ပညာရေးဝန်ကြီးဌာန အပါအဝင် ကျောင်းများ၊ ကောလိပ်များ ပူးပေါင်း၍ ကွန်ပျူတာဝက်(ဘ်)ဆိုဒ်များ၊ မိုဘိုင်းဆော့ဖ်ဝဲလ်(mobile App) များရေးကြရပါမည်။

(ခ) ပညာရေးဝန်ကြီးဌာနအပါအဝင် အစိုးရဝန်ကြီးဌာနအသီးသီးရှိ သင်တန်းကျောင်းများ၊ ကျောင်းများ၊ ကောလိပ်၊ တက္ကသိုလ်များတွင် ဒစ်ဂျစ်တယ် ပညာရေးဖော်ဆောင်မှု ကော်မတီ၊ ဌာနများဖွဲ့စည်းပြီး သင်ရိုးညွှန်းတမ်း၊ သင်ခန်းစာများကို ဒစ်ဂျစ်တယ် အဖြစ် ပြောင်းလဲ၍ ကွန်ပြူတာ၊ တယ်လီဖုန်းတို့နှင့် ကြည့်ရှု သင်ယူ၊ လေ့လာနိုင်အောင် တီထွင်၊ ဖန်တီး၊ စမ်းသပ်၊ ပြောင်းလဲကြရပါမည်။ အခက်အခဲများကို စိတ်ရှည်စွာ ကျော်ဖြတ်ကြရပါမည်။

(ဂ) နိုင်ငံတကာ ပညာရေးစနစ်များကို လေ့လာ၍ တူညီရာ၊ သင့်လျော်ရာများကို မြန်မာမှုပြု၍ အသုံးချနိုင်ပါ သည်။ ဥပမာ အင်္ဂလန်နိုင်ငံမှ LCCI၊ City and Guilds၊ HND စသော ပညာရေးစံနစ်များမှာ ပုံစံတကျ၊ စနစ်တကျ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားမှုစံနစ်များ၊ တတ်မြောက်ခြင်း စစ်ဆေးမှုစံနစ်များ ရေးဆွဲသတ်မှတ်ထားပြီး အင်္ဂလန်နိုင်ငံမှ ဆရာ၊ ဆရာမများမြန်မာပြည်လာရောက်သင်ကြားခြင်းမဟုတ်ဘဲ မြန်မာဆရာ၊ ဆရာမများမှ အဆိုပါ စံနစ်များ၊ သင်ကြားမှုလမ်းညွှန်ချက်များကိုလိုက်နာ၍ သင်ကြားကြပြီး တတ်မြောက်မှု စစ်ဆေးခြင်း ကိုလည်း စနစ်တကျဆောင်ရွက်ကြခြင်းဖြင့် သင်တန်းသားများကို အောင်လက်မှတ်များ ထုတ်ပေးနိုင်ကြပါသည်။

အဆိုပါကဲ့သို့သော စနစ်များမှလည်း အတုယူ၊ မှီငြမ်းသင့်သည်များကိုအတုယူ၊ မှီငြမ်း၊ မြန်မာမှုပြုပြီး ဆွေးနွေးခဲ့သည့် ဒစ်ဂျစ်တယ် ပညာရေးစနစ်ကို နိုင်ငံအဝှမ်း၊ ဒေသအသီးသီး၊ မြန်မာပြည်သူပြည်သားအရွယ် အသီးသီး အတွက် နည်းလမ်းအသွယ်သွယ် ဖော်ထုတ်အကောင်အထည် ဖော်နိုင်ကြပါသည်။

## မျှော်မှန်းချက်

ကျွန်တော်တို့ ဆွေးနွေးခဲ့သည်များမှ အနှစ်ချုပ် ဖော်ပြခြင်း ဖြစ်ပါသည်။ ဆိုခဲ့သကဲ့သို့ပင်ပြီးပြည့်စုံသည် မဟုတ်ပါ။ ဆွေးနွေးချက်အချို့ကို ပြုစုတင်ပြခြင်းသာ ဖြစ်ပါသည်။ သို့သော်ခက်ခဲလှသော မြန်မာ့ပညာရေးကဏ္ဍ ပုစ္ဆာများနှင့် မေးခွန်းများ အတွက် အဖြေအချို့နှင့် နည်းလမ်းအချို့ကို ဖြေကြားသကဲ့သို့ ဖြစ်လိမ့်မည် ဟုယုံကြည် ပါသည်။

ပြောင်းလဲနေသောကမ္ဘာကြီး၊ ပြောင်းလဲနေသောမြန်မာပြည်တွင် ပြောင်းလဲနေသော နည်းပညာများ ကိုအသုံးချ၍ မြန်မာပြည်၏ ပညာရေးပုံစံကို အသွင်သစ်တစ်ခုဖြင့်ဖော်ဆောင်ထောက်ကူနိုင်ပြီး မြန်မာနိုင်ငံ၏ အနာဂတ် ပြောင်းလဲမှု ကိုထောက်ပံ့ကူညီနိုင်ရန်မျှော်မှန်းပါသည်။

အနာဂတ်သည်ကျွန်တော်တို့ လူငယ်များ၏လက်ထဲတွင်ရှိပါသည်။

ကျွန်တော်တို့လူငယ်များ ကို ပညာရည်ပြည့်ဝ၊ နှလုံးလှ၍၊ လိုအပ်သော အတတ်ပညာ၊ သက်မွေးပညာ၊ နည်းပညာများတတ်ကျွမ်းကြရလေအောင်နည်းပညာများဖြင့်ကူညီကြပါစို့။

ဇော်နိုင်

## GIS နှင့် Remote Sensing သင်တန်းများ



၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့မှ (၁၃)ရက်နေ့ အထိ မန္တလေးတိုင်း စည်ပင်သာယာရေးဦးစီးဌာနတွင် ဦးစီးဌာနမှ ဝန်ထမ်းများကို GIS နှင့် Remote Sensing သင်တန်းပို့ချစဉ်။



၂၀၁၆ခုနှစ်၊ ဇွန်လ(၆)ရက်နေ့မှ (၁၅)ရက်နေ့အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်တွင် သင်တန်းသား (၂၀)ဦးကို Basic GIS နှင့် Remote Sensing၊ သင်တန်းပို့ချစဉ်။

## စွမ်းအင်အသုံးချမှုနှင့်စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲများ





"Capacity Building Seminar cum Workshop for Oil & Gas and Energy Industry Management" ခေါင်းစဉ်ဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၁၁) ရက်နေ့နှင့် ၂၀၁၆ခုနှစ် နိုဝင်ဘာလ (၂၂)ရက်နေ့တို့တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင်အမေရိကန်နိုင်ငံအင်တာဂရပ်(Intergraph)ကော်ပိုရေးရှင်းနှင့် မန္တလေးနည်းပညာ ကုမ္ပဏီတို့မှ ပူးပေါင်းကျင်းပသော အလုပ်ရုံ ဆွေးနွေးပွဲများတွင် တက်ရောက်လာကြသော တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များနှင့် အမှတ်တရ၊



# ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် GIS

နီလာစိုး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

GIS အကြောင်းကို လေ့လာမည်ဆိုရင်တော့ GIS ဆိုတာဘာလဲ၊ GIS နဲ့ ဘာလုပ်နိုင်လဲ၊ GIS ရဲ့ အစိတ်အပိုင်းများကို သိဖို့ လိုအပ်ပါတယ်၊ GIS (Geographic Information System) ဆိုတာပထဝီ အချက်အလက်တွေကို ကောက်ယူစုဆောင်း၊ သိမ်းဆည်း၊ လေ့လာ ဆန်းစစ်၊ စီမံခြင်းနှင့် တင်ဆက်ပြသခြင်းတို့ကို ပြုလုပ်နိုင်တဲ့ ကွန်ပျူတာစနစ်တစ်ခုဖြစ်ပါတယ်။ အရှင်းဆုံး ပြောရရင်တော့ GIS ဆိုတာ Data တွေ ထည့်လို့ရတဲ့ Computer Software, Analysis လုပ်နိုင်တယ်၊ ရရှိလာတဲ့ ရလဒ်ကို ကြည့်လို့ရတယ်။ ဇယားနဲ့လည်း ကြည့်လို့ရ တယ်၊ မြေပုံလိုလည်း ကြည့်နိုင်တယ်။ GIS ကိုသုံးပြီး ဘာတွေဘယ်မှာရှိလဲ၊ အရေအတွက် ဘယ်လောက်ရှိလဲ၊ အဲဒီနေရာမှာ ဘာတွေရှိလဲ၊ အနီးအနားမှာ ဘာတွေရှိလဲနဲ့ ဘာတွေ ဘယ် လောက်ပြောင်းလဲသွားလဲ ဆိုတာတွေကို အ လွယ်တကူ သိရှိနိုင်ပါ တယ်။ ဥပမာ- အနာဂတ်စီမံကိန်းတွေ ရေးဆွဲရာမှာ ရေတွင်းတူးလို့ ရနိုင်တဲ့ ရွာ ဒါမှမဟုတ် တူး၍ရလျှင် အနက် ပေ၊ ခန့်မှန်း ရေထွက်နှုန်း၊ လမ်းဖောက်မယ်ဆိုလျှင် အနီးဆုံး ချိတ်ဆက်ရမည့် နေရာ၊ မြေမျက်နှာသွင်ပြင်အနေအထား တို့ကို အ လွယ်တကူ သိနိုင်သဖြင့် နိုင်ငံတော်မှ ပံ့ပိုးလျှင် ရရှိမည့် အကျိုးကျေးဇူးများကို ချက်ချင်း ခန့်မှန်းနိုင်ပါတယ်။ ယခုအခါ GIS ကို နေရာဒေသတစ်ခုခုနဲ့ ပတ်သက်နေတဲ့ ဘယ်ကိစ္စမျိုးမ ဆို အသုံးပြုနိုင်ပါတယ်။ ကမ္ဘာနယ်ပယ် အတော်များများမှာလည်း အသုံးချနေကြပါပြီ။ Decision Support အတွက် အထောက် အပံ့ ဖြစ်စေတဲ့ Tools တစ်ခုအနေနဲ့ အဓိက အသုံးပြုနိုင်ပါတယ်။




GIS အသုံးပြုသည့်အခါ GPS/ Remote Sensing စသည်တို့နဲ့ တွဲသုံးလေ့ ရှိပါတယ်။ GPS နည်းပညာကတော့ ကမ္ဘာပေါ်ရှိ တည်နေရာကို တိုင်းတာဖော်ပြ ရန်အတွက် ဂြိုလ်တုများကို လွှတ်တင်ပြီး အသုံးပြုရတဲ့ နည်းပညာရပ် ဖြစ်ပါတယ်။ အမေရိကန် နိုင်ငံ ကာကွယ်ရေး ဌာနမှာ အသုံးပြုရန်အတွက် Satellite Based Radio Navigation System ကို စတင်ဆောင်ရွက် ခဲ့ခြင်း ဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ GPS Technology ကို နယ်ပယ်အသီးသီးမှာ အသုံးပြုလာကြတာ တွေ့ရပါတယ်။ GPS ကို Location, Navigation, Tracking, Mapping, Timing စတဲ့ Data Acquisition အတွက် သုံးပါတယ်။ GPS မှာ ဘယ် Datum.Projetion System ကို Setting လုပ်ပြီး တိုင်းတာရမလဲ ဆိုတာ သိရှိရမှာပါ။ ကိုယ်ဘယ်ရောက်နေလဲ၊ ရောက်နေတဲ့နေရာကို မြေပုံပေါ်တင်နိုင်ပါပြီ။

Remote Sensing နည်းပညာကတော့ ကမ္ဘာမြေကြီးကို အဝေးကနေ စူးစမ်းလေ့လာခြင်း ဖြစ်ပါတယ်။ ကောင်းကင် ဓာတ်ပုံ (Aerial Photo)၊ ဂြိုလ်တုဓာတ်ပုံ (Satellite Image) များကို Supervise Classification နဲ့ Unsupersive Classification အနေနဲ့ Analysis လုပ်ခြင်းကို ပြုလုပ်နိုင်ပါတယ်။ ဂြိုလ်တုဓာတ်ပုံဆိုတာ ကမ္ဘာကို လှည့်ပတ်နေတဲ့ ဂြိုလ်တုများမှ ရိုက်ယူထားတဲ့ ဓာတ်ပုံများ ဖြစ်ပါတယ်။ ဂြိုလ်တုဓာတ်ပုံကို အနီတစ်ဖိုင်၊ အပြာတစ်ဖိုင်၊ အစိမ်းတစ်ဖိုင်နဲ့ သိမ်းထားပါတယ်။ ENVI, GRASS အစရှိတဲ့ Software တွေနဲ့ အနီကို အနီရောင်၊ အပြာကို အပြာရောင်၊ အစိမ်းကို အစိမ်းရောင်၊ အတိုင်း ပြန်ထပ်ယူခြင်းကို True Color Composite လို့ခေါ်ပြီး အနီကို အပြာရောင်၊ အပြာကို အစိမ်းရောင်လိုမှားယွင်းပေါင်းစပ်ခြင်းကို False Color Composite လို့ခေါ်ပါတယ်။ ဂြိုလ်တုဓာတ်ပုံမှာ အနီ၊ အပြာ၊ အစိမ်းရောင်အပြင် အနီအောက်အနီး၊ အနီအောက်အဝေး၊ ခရမ်းလွန်၊ အပူစတဲ့ ဖိုင်များ ပါဝင်ပါသေးတယ်။ အဲဒီဖိုင် အနည်းအများကို Spectral resolutionလို့ ခေါ်ပါတယ်။ ဥပမာ-Google Earth နဲ့ Landsat TM ဂြိုလ်တုဓာတ်ပုံများ ဖြစ်ပါတယ်။ Remote Sensing နည်းပညာကို Land Use, Land Cover, Soil Classification နဲ့ မြေလျော့ တိုင်းတာရေး တွေ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ စသည်တို့မှာ သုံးကြပါတယ်။

ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးနှင့် GIS ဆိုတာ လွန်ခဲ့တဲ့ ၂၀၀၁ ခုနှစ်ကတည်းက ရင်းနှီးပြီးသား ဖြစ်ပါတယ်။ ယခင် စည်ပင်သာယာရေး ဦးစီးဌာန လက်ထက် ၂၀၀၁ ခုနှစ်က တည်းက Intergraph ယခု မန္တလေးနည်းပညာကုမ္ပဏီ ရဲ့ နည်းပညာဆိုင်ရာ ထောက်ပံ့ကူညီမှုတွေနဲ့ GIS စနစ်ကို စတင် တည်ထောင် နိုင်ခဲ့ပါတယ်။ Topographic Map များကို Scan လုပ်ပြီး မြေကြီးနဲ့မြေပုံ တစ်ထပ်တည်းကျစေရန် Georeference လုပ်ရပါတယ်။ မီးရထားလမ်း၊ ကားလမ်း၊ မြစ်ချောင်းများပါ မကျန် Digitize ပြုလုပ် နိုင်ခဲ့ပါတယ်။ ပြည်နယ်/တိုင်း (၁၇) ခု မှာရှိတဲ့ ကျေးရွာပေါင်း ခြောက်သောင်းကျော်ရဲ့ ကျေးလက် လမ်းတံတား၊ ရေပေးဝေရေးနဲ့ ကျန်းမာ သန့်ရှင်းရေး အချက်အလက်များ ပါတဲ့ Database ကြီး (၄) နှစ်ကြာ Phase I, II, III ခွဲပြီး အချက်အလက် မြေပုံစနစ်ကို တည်ထောင် နိုင်ခဲ့ပါတယ်။ တစ်လက်မ တစ်မိုင်စကေး မြေပုံတွေကို အခြေခံပြီး Raster ကနေ Vector စနစ်ကို ပြောင်းလဲနိုင်ခဲ့ပါတယ်။ Analog မြေပုံ ကနေ Digital မြေပုံဖြစ်စေခဲ့တယ်။ Satellite Image ကိုအခြေခံပြီး မြို့ကြီးများရဲ့ မြေပုံများကို ထုတ်နိုင်ခဲ့ပါတယ်။ ကျေးရွာတွေရဲ့ တည်နေရာကို Geolocated အဖြစ်ပြောင်းလဲ နိုင်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှာတော့ Attribute ပေါင်းများစွာပါဝင်တဲ့ မြေပုံများကို ထုတ်နိုင်ခဲ့ပါ တယ်။ ပါဝင်တဲ့ အချက်အလက်များ ကတော့ ကျေးလက် ရေပေးရေးနှင့် ကျန်းမာသန့်ရှင်းရေး အနေဖြင့် လူဦးရေ၊ အိမ်ခြေ၊ အိမ်ထောင်စု၊ ပိုင်ဆိုင်မှု၊ ရေတွင်း၊ ရေကန်၊ ကျောင်း၊ ဆေးပေးခန်း၊ အိမ်သာ၊ ရေစမ်း သပ်မှု၊ ကျေးလက်လမ်း အနေဖြင့် လက်ရှိ လမ်း အမျိုးအစား၊ အရှည်၊ အကျယ်၊ မည်သည့်ခုနှစ်မှ စတင် ဖောက်လုပ်သည်၊ မည်သည့်မြို့၊ ရွာနှင့် ဆက်သွယ်ဖောက်လုပ်သည် အစရှိသည်ဖြင့် အသေးစိတ်ပါဝင်ပါတယ်။ ဒ့ါအပြင် ခရိုင်ချင်း ဆက်လမ်း (၁)၊ (၂)နှင့် (၃) တို့ရဲ့ လမ်းအူကြောင်းပြ မြေပုံများကိုလည်း ထုတ်နိုင် ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှာတော့ Georeference လုပ်ထားတဲ့ ပြည်နယ်/တိုင်း၊ မြို့နယ် (UTM) မြေပုံများကို ထုတ်လုပ်နိုင်ခဲ့ပြီး မြို့နယ်များ အားလုံးသို့ ဖြန့်ဝေ အသုံးပြု နိုင်ခဲ့ပါတယ်။ ၂၀၀၈-၂၀၀၉ ခုနှစ်မှာ တော့ UNICEF အကူအညီနဲ့ စစ်ကိုင်း၊ မကွေး၊ မန္တလေး တိုင်းမှာရှိတဲ့ မြို့နယ်ပေါင်း (၃၅) မြို့နယ် ရဲ့ ရေပေးရေးနဲ့ ကျန်းမာသန့်ရှင်းရေး အချက်အ လက်များကို Update လုပ်နိုင်ခဲ့သလို Analysis လုပ်နိုင်ခဲ့ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အနေနဲ့ ၂၀၁၄ ခုနှစ်မှာတော့ ကမ္ဘာ့ဘဏ် အထောက်အပံ့နဲ့ ကျေးလက်မီးလင်းရေး Plan ကို ကျေးရွာပေါင်း ခြောက်သောင်းကျော်ရဲ့ ကျေးရွာတည်နေရာ၊ အိမ်ခြေ၊ လူဦးရေ၊ ကျေးရွာရဲ့ လျှပ်စစ်မီး လိုအပ်ချက်၊ Main Voltage လိုင်းနဲ့ အကွာအဝေး စတဲ့အချက်အလက်တွေကို အခြေခံပြီး ရေးဆွဲနိုင်ခဲ့ပါတယ်။

ကျေးလက် မီးလင်းရေး အတွက် ဘယ်နေရာ ကို Pahse I၊ ဘယ်နေရာ ကို Pahse II ၊ဘယ်နေရာကို Pre-electrification အနေနဲ့ Solar, Mini Hydro စတဲ့စနစ်များနဲ့ ဆောင်ရွက်ဖို့ကို GIS စနစ်နဲ့ ရေးဆွဲနိုင်ခဲ့ပါပြီ။ ဂျာမန် ဖွံ့ဖြိုးရေးဘဏ် (KFW) နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ ကျေးလက်ဖွံ့ဖြိုးရေး အစီအစဉ် (Rural Development Programme) အတွက် လမ်းအူကြောင်း ရှာဖွေခြင်းနဲ့ လမ်းကြောင်းပြမြေပုံများ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ Google Map, Google Earth ကို အသုံးပြုပြီး လမ်းတိုင်းတာ တွက်ချက်ခြင်း တို့ကိုလည်းလွယ်ကူစွာ ပြုလုပ်နိုင်တဲ့အပြင် Water Supply and Sanitation Strategy and investment Plan အတွက် ကျေးလက်ဒေသ ရေသုံးစွဲမှုနှင့် ရေအရင်းအမြစ်Database ကို GIS စနစ်နဲ့စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

GIS နည်းပညာက ကမ္ဘာပေါ်မှာ ကျယ်ပြန့်စွာ အသုံးပြုနေတဲ့ နည်းပညာဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲ နိုင်ငံများအနေနဲ့ GIS ကို အသုံးပြုသူ နည်းတယ်လို့ဆိုရမှာပါ။ ၂၀၁၄ ခုနှစ် နေပြည်တော် MICC II မှာ ကျင်းပခဲ့တဲ့ Remote Sensing Conference ကို ကြည့်ချင်းအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံ များအားလုံးဟာ GIS ကို အများဆုံးအသုံးပြုကြပါတယ်။



ကမ္ဘာ့ဘဏ်အထောက်အပံ့နဲ့ ကျေးလက်မီးလင်းရေး Plan ကို ကျေးရွာပေါင်းခြောက်သောင်း ကျော်ရဲ့ ကျေးရွာတည်နေရာ၊ အိမ်ခြေ၊ လူဦးရေ၊ ကျေးရွာရဲ့ လျှပ်စစ်မီး လိုအပ်ချက်၊ Main Voltage လိုင်းနဲ့ အကွာအဝေး စတဲ့အချက်အလက်တွေကို အခြေခံပြီးရေးဆွဲနိုင်ခဲ့ပါတယ်။

နိုင်ငံပေါင်း များစွာက ကျောင်းသူ ကျောင်းသားတွေဟာ သူတို့ရဲ့ စာတမ်းများကို GIS နဲ့ တင်သွင်းကြတာကို တွေ့ရ ပါတယ်။ သူတို့ရဲ့ စာတမ်းများကို အဲဒီ Conference မှာ တင်သွင်းဖတ်ကြားသွားတာကိုတွေ့ရပါတယ်။ GIS, 3D GIS, Digital Processing, Image Processing, Satellite, UAV, Web GIS နဲ့ Remote Sensing နည်းပညာများကိုလည်း စုံလင်စွာ တင်ပြဆွေးနွေးခဲ့ကြပါတယ်။

မြန်မာနိုင်ငံ အနေနဲ့ ယခင်နှစ် များက GIS ကို သိသူ အလွန်နည်းပါသေးတယ် ။ ယခုအခါ ရန်ကုန် တက္ကသိုလ် ပထဝီဝင်ဌာနမှာ GIS Diploma သင်တန်းကို ဖွင့်လှစ်သင်ကြားနေပြီ ဖြစ်တဲ့ အပြင် မန္တလေးနည်းပညာကုမ္ပဏီတို့လို ပုဂ္ဂလိက ကုမ္ပဏီတွေက သင်တန်းများလည်း ဖွင့်လှစ် နေကြပါပြီ။ GIS နဲ့ပတ် သက်တဲ့ နည်းပညာ နှီးနှောဖလှယ်ပွဲ တွေကို လည်း အတော်များများ လုပ်လာကြပါပြီ။

အချို့ ဝန်ကြီးဌာန များမှာလည်း တွင်တွင်ကျယ် ကျယ် အသုံးပြု နေကြပါပြီ။ မြန်မာနိုင်ငံမှာ GIS နဲ့ Remote Sensingနည်းပညာကို အသုံးပြုပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဩဂုတ်လက ရေကြီးပြီး သဘာဝ ဘေးခံစားခဲ့ရတဲ့ မြို့နယ်များရဲ့ ရေကြီးခြင်း၊ မြေပြိုခြင်းတို့ကြောင့် အိမ်ပြိုပျက်ခြင်း၊ လမ်း၊ တံတားများ ပျက်ဆီးခြင်း မြေပုံများ၊ လက်ရှိ ရေကြီးမှုအခြေအနေပြတဲ့မြေပုံများကိုလည်း GIS ပညာရှင် . . . . . .

စာမျက်နှာ(၈)သို့....

## တိုင်းရင်းသားကျောင်းသားလေးများနှင့် တစ်နေ့တာ

ဒီဇင်ဘာ ၂၄ ရက် တွင် မန္တလေးနည်းပညာ ကုမ္ပဏီမှ ရုံးအဖွဲ့ဝင်များနှင့် မိသားစုများသည် မေတ္တာဝါဒီ (ဟသ်ာတ) ပရဟိတကျောင်းတိုက်မှကျောင်းသားလေးများ နှင့် မနက်စာစားသုံးပြီး တိုင်းရင်းသား ကျေးရွာသို့ သွားရောက်ခဲ့ ကြပါသည်။ တိုင်းရင်းသားများ အကြောင်းကို နှီးနှောဖလှယ်ခဲ့ ကြပါသည်။ ဂိမ်းများ ပျော်ပျော်ရွှင်ရွှင် ကစားခဲ့ကြပါသည်။ ဗဟုသုတ ဉာဏ်စမ်း မေးခွန်းများ မေးမြန်းပြီး ဖြေနိုင်သူများကို ဆုပေးခဲ့ကြပါသည်။ ကျောင်းသားလေးများနှင့် မန္တလေးနည်းပညာ ကုမ္ပဏီ ဝန်ထမ်းမိသားစုများတို့သည် ခင်မင်ရင်းနှီးစွာဖြင့် တစ်နေ့တာကို ပျော်ရွှင်စွာဖြတ်သန်း ခဲ့ကြပါသည်။

နောင်တွင်လည်း ယခုကဲ့သို့ လူမှုရေးလုပ်ငန်းများကို အခါအားလျော်စွာ ဆက်လက်ဆောင်ရွက်သွားကြမည်ဟု ရည်သန်ကြပါသည်။





နံနက်စာစားပြီး အမှတ်တရဓါတ်ပုံရိုက်ကူးစဉ်

# မြေအသုံးချမှုဆိုင်ရာသိပ္ပံပညာရှင်များအစည်းအဝေး




အမေရိကန်နိုင်ငံ အမျိုးသား အာကာသ သိပ္ပံအေဂျင်စီ (နာဆာ) (NASA National Aeronautical Science Agency)၊ မေရီလန်း တက္ကသိုလ်၊ မီချီဂန်ပြည်နယ် တက္ကသိုလ်၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ပြင်သစ်၊ နယ်သာလန် စသော နိုင်ငံအသီးသီးမှ သိပ္ပံပညာရှင်များ၊ မြန်မာ နိုင်ငံ သစ်တောရေးရာ နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ရန်ကုန် တက္ကသိုလ်၊ မကွေး တက္ကသိုလ်၊ မန္တလေး နည်းပညာ တက္ကသိုလ်၊ မန္တလေး နည်းပညာ ကုမ္ပဏီတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ သုတေသနပညာရှင်များ ပါဝင်တတ်ရောက်ကြသော " မြေအသုံးချမှုဆိုင်ရာ သိပ္ပံပညာရှင်များ အစည်းအဝေး " ကို ရန်ကုန်မြို့ Summit Parkview Hotel ၌ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်နေ့မှ (၁၅) ရက်နေ့ အထိ ကျင်းပခဲ့ပါသည်။ ၂၀၀၈ခုနှစ်၊ မေလတွင် လူပေါင်း နှစ်သန်း ကျော် ထိခိုက် ခံစားခဲ့ရသော နာဂစ်(NARGIS) ဆိုင်ကလုန်း၊ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ အနှံ့ ပြန့်နှံ့ထိခိုက်ခဲ့သော ရေကြီးရေလျှံမှု စသည့် ကမ္ဘာမြေဖြစ်ပေါ် ပြောင်းလဲမှုများသည် ရာသီဥတု ပြောင်းလဲမှု များ (Climate Change) နှင့် ဆက်စပ်နေပြီး ပြောင်းလဲနေသော မြေအသုံး ချမှုများ၏ အကျိုး ဆက် ဖြစ်ကြသဖြင့် အဆိုပါ မြေအသုံးချမှု ပြောင်းလဲခြင်းများ အကြောင်း လေ့လာနေကြသည့် ကမ္ဘာ့တစ်ဝှမ်းမှ သိပ္ပံပညာရှင်များ၏ အစည်းအဝေးဖြစ်ပါသည်။

ရေကြီးရေလျှံမှု၊ မိုးခေါင်မှု၊ စိုက်ပျိုးရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်း ရေး၊ မြို့ပြ ဖွံ့ဖြိုးတိုးတတ်မှု၊ လူဦးရေတိုးတက်မှု၊ ရွှေ့ပြောင်းနေထိုင်ကြမှု၊ စားနပ်ရိက္ခာဖူလုံရေး၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတတ်မှု စသောကိစ္စအသီးသီး၊ စိန်ခေါ်မှု အမျိုးမျိုး၊ ကဏ္ဍအရပ်ရပ်တွင်"မြေ" (Land) အသုံးချမှုသည် ဗဟိုချက် နေရာမှ ပါဝင်နေပါသည်။ အဆိုပါ အစည်း အဝေးတွင် နိုင်ငံတကာမှ သိပ္ပံပညာရှင်များနှင့် မြန်မာပညာရှင်များ၊ သုတေသီများ၊ အစိုးရဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ တွေ့ဆုံ နှီးနှောဖလှယ်ခွင့်ရကြသည်မှာ တိုင်းပြည်၏ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) အတွက် အထောက်အကူပြုမည်ဟု မန္တလေးနည်းပညာကုမ္ပဏီမှ ယုံကြည် ပါသည်။

ဇန်နဝါရီလ (၁၃) ရက်နေ့တွင် အဆိုပါ အစည်းအဝေးသို့ တတ်ရောက်ကြသူ သိပ္ပံပညာရှင်များအား မန္တလေးနည်းပညာကုမ္ပဏီ (Mandalay Technology Company) နှင့် မိတ်ဖက်များ ဖြစ်ကြသော (Michigan State University) နှင့် APB – ABC (Heneiken Company)တို့မှ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြပါသည်။

MICHIGAN STATE
UNIVERSITY

MANDALAY
technology
Technologies for Development

APB ALLIANCE BREWERY
COMPANY LIMITED
PART OF THE HEINEKEN COMPANY

## " မြေတိုင်းဦးစီးဌာန "

၂၀၁၆ခုနှစ်၊ ဩဂုတ်လ (၄) ရက်နေ့တွင် မြေတိုင်းဦးစီးဌာန၌ မန္တလေးနည်းပညာကုမ္ပဏီ နှင့် ESRI တို့ ပူးပေါင်း၍ နည်းပညာ ဟောပြောပွဲပြုလုပ်ခဲ့ပြီး Enterprise GIS, Production Mapping နှင့် Image Archiving System အကြောင်းကို ဆွေးနွေးဟောပြောခဲ့ပါသည်။










# SCADA Training System

- Basic SCADA concept
- SCADA architecture
- SCADA implementation
- SCADA Communication Protocol
  (Modbus, Ethernet, IP Protocol)
- Operation and Maintenance
  (SCADA Master - Slave Development)

ဆက်သွယ်ရန် -
ဦးသူရ (09 - 5140000)၊ ဒေါ်မေရီစိုး (09 - 799955509)၊ ဦးထူးဇာနည်ဦး (09 - 9777887735)

# ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)အတွက် နည်းပညာနှင့်ပညာရှင်များ၊ အင်ဂျင်နီယာများ၏ကဏ္ဍ

ဇော်နိုင်| zawnaing@mandalay-technology.com

မြန်မာနိုင်ငံရေး ရောင်နီသမ်းချေပြီ။ အစိုးရပြောင်း၊ အတွေးအခေါ်တွေပြောင်း၊ စနစ်တွေလည်းပြောင်းကြတော့မည်။ ကျွန်တော် တို့အတတ်ပညာရှင်၊ နည်းပညာရှင်၊ အင်ဂျင်နီယာတွေနှင့် နည်းပညာတို့၏ ကဏ္ဍ ဘယ်ဝယ်ဘယ်ဆီ ရှိပါလေမည် နည်းဟု တွေးကြ၊ မေးကြ၊ စေ့ငုကြသည်။

ထူးခြားစွာပင် "ဆက်သွယ်ရေးနှင့်သတင်း အချက်အလက် နည်းပညာ ဝန်ကြီး ဌာနမှ "သတင်း အချက်အလက် နည်း ပညာ" ဆိုသော စကားလုံးကိုဖြုတ်၍ ဆက်သွယ်ရေး ကိုလည်း ပို့ဆောင်ရေးနှင့်ပေါင်းပြီး ဝန်ကြီးဌာနတစ်ခု တည်းအဖြစ်ပေါင်းစပ် ဖွဲ့စည်းလိုက်သည်။

"သတင်း အချက်အလက် နည်းပညာ" ခေါ် "Information Technology" ခေါ် IT ကဏ္ဍကို မေးမှိန်စေမည်လောဟု စောကြော ဝေဖန်သံများ ကြားရသည်။

**တိုင်းပြည်၏ ရေရှည်တည်တံ့ ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်မှု အတွက် အင်ဂျင်နီယာ အတတ်ပညာများ၊ IT အပါအဝင် နည်းပညာအများ အပြား၏ "အား" အများကြီး လိုအပ် ပါသည်။**

ထိုနည်းတူ "သိပ္ပံနှင့်နည်းပညာ " ဝန်ကြီး ဌာနလည်း ပျောက်ကွယ်သွားခဲ့ပါသည်။ နည်းပညာနှင့် အင်ဂျင်နီယာ တက္ကသိုလ်၊ သိပ္ပံ၊ ကောလိပ်များကို ပညာရေး ဝန်ကြီးဌာနနှင့် ပေါင်းစည်းခြင်း အားဖြင့် အမျိုးသား ပညာရေး စနစ်ကြီး တစ်ခုလုံး ပြုပြင်ပြောင်း လဲမှုကို လျင်မြန် သွက်လက်စွာနှင့် ဟန်ချက် ညီစွာ ဆောင်ရွက်နိုင်ရန် ဦးတည် သည်ဟု မှတ်ယူ ကြရပါမည်။သတင်း အချက်အလက် နည်းပညာ (IT) အပါအဝင် နည်းပညာများနှင့် အတတ် ပညာရှင်၊ နည်းပညာရှင်များ၏ ကဏ္ဍ၊ အင်ဂျင်နီယာများ၏ကဏ္ဍ ပျောက်မသွားပါ။

တိုင်းပြည်ကို ပြန်လည် ပြုပြင်တည်ဆောက် သည့်အခါ အတတ်ပညာရှင်၊ နည်းပညာရှင်များ၊ အင်ဂျင်နီယာများ၏ အခန်းကဏ္ဍမှာ နယ်ပယ် မျိုးစုံ၊ ကဏ္ဍပေါင်းစုံ တွင် အရေးပါပါသည်။

"ITကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး" ဆိုသည့်ထက် "IT ကို အသုံးပြု၍ ပညာရေး၊ စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေး၊ စက်မှုဖွံ့ဖြိုး တိုးတက်ရေး၊ ဘဏ္ဍာရေး နှင့် စီမံခန့်ခွဲရေး၊ ဆောက်လုပ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင် ထုတ်လုပ်ဖြန့်ဖြူး စီမံခန့်ခွဲရေး စသော ကဏ္ဍမျိုးစုံကို ပိုမိုတိုးတက် ကောင်း မွန်အောင် အထောက်အကူ ပြုနိုင်ရေး" သည် ပိုမို အရေးကြီးကြောင်း မှတ်ယူ၊ ခံယူကြရပါမည်။

**နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် မိမိတို့တတ်စွမ်းသောအတတ်ပညာ၊ နည်းပညာ၊ အင်ဂျင်နီယာစွမ်းပကားတို့ဖြင့် ကွက်လပ်များ ဖြည့်ကြရပါမည်။**

အင်ဂျင်နီယာ၊ နည်းပညာရှင်များ အနေဖြင့်လည်း အလားတူပင် ခံယူကြရပါမည်။ မိမိတို့ တိုးတက်ရေး၊ မိမိတို့၏ အင်ဂျင်နီယာ နည်းပညာကဏ္ဍ မပျောက်ကွယ်ရေး ဆိုသည့်ထက်တိုင်းပြည်နှင့် လူမျိုးတိုးတက်ရေး အတွက် မိမိတို့က ဘာတွေဆောင်ရွက် ပေးနိုင်မည်လဲဟု ရှာဖွေစူးစမ်းပြီး မိမိတို့ဆောင်ရွက်ပေးနိုင်သမျှ အကောင်းဆုံး အားထည့် ဆောင်ရွက်ကြရပါမည်။ ယူဖို့ထက် ပေးဖို့ စဉ်းစား ကြရပါမည်။

သို့သော် မိမိတို့၏ အခန်းကဏ္ဍလည်း ပျောက်ကွယ် သွားမည် မဟုတ်ပါ။ တိုင်း ပြည်၏ ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု အတွက် အင်ဂျင်နီယာ အတတ် ပညာများ၊ IT အပါအဝင် နည်းပညာ အများ အပြား၏ "အား" အများကြီး လိုအပ်ပါသည်။

IT ပညာရှင်များ၊ နည်းပညာရှင်များ၊ အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်များ၊ အတတ် ပညာရှင်များကို "Creative Class" "တီထွင် ဖန်တီးနိုင်စွမ်းသောလူထုအလွှာ" ဟု သတ်မှတ်ပါသည်။ ဆရာဝန်များ၊ အနုပညာရှင်များ၊ ဘဏ်လုပ်ငန်း ပညာရှင်များ၊ ပါမောက္ခများ၊ ပညာရေး ဝန်ထမ်းများ၊ ဥပဒေ ပညာရှင်များ လည်း အဆိုပါ အလွှာတွင် ပါဝင်ကြပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် တီထွင်ဖန်တီး နိုင်စွမ်းသော လူထုအလွှာ (Creative Class) အားကောင်းသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းကြပြီး အဆိုပါ အလွှာ အားနည်းသည့်နိုင်ငံများမှာ ဖွံ့ဖြိုးတိုးတက်နေး ကွေးကြောင်း တွေ့ရသည်။

**မိမိ၏အခန်းကဏ္ဍထက် တိုင်းပြည်ကို ဘာလုပ်ပေးနိုင်မလဲ ဆိုသည်ကို ရှာဖွေဆောင်ရွက်ကြရ ပါမည်။**

မြန်မာနိုင်ငံရေးရောင်နီသမ်းပြီး နေ့သစ်ကို ရောက်ရှိချိန်တွင် အတတ်ပညာရှင်၊ အသိပညာရှင်များနှင့်အတူ နည်းပညာရှင်များ၊ အင်ဂျင်နီယာများက ရေရှည် တည်တံ့ခိုင်မြဲသော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် မှုအတွက် အခြေခံအုတ်မြစ်နှင့် ပင်မဒေါက်တိုင်ကြီးများ သဖွယ် အရေးကြီး အရေးပါလှပါသည်။

နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် မိမိတို့တတ်စွမ်းသော အတတ်ပညာ၊ နည်းပညာ၊ အင်ဂျင်နီယာ စွမ်းပကားတို့ဖြင့် ကွက်လပ်များ ဖြည့်ကြရပါမည်။ ပိုမိုကောင်းမွန်အောင် တီထွင်ဖန်တီးကြရပါမည်။ ရေရှည်တည်တံ့ ခိုင်မြဲအောင် တည်ဆောက်ကြရပါမည်။ မိမိအတွက်ထက် တိုင်းပြည်အတွက် စဉ်းစားကြရပါမည်။

မိမိ၏ အခန်းကဏ္ဍထက် တိုင်းပြည်ကို ဘာလုပ်ပေးနိုင်မလဲ ဆိုသည်ကို ရှာဖွေဆောင်ရွက်ကြရပါမည်။

ယူဖို့ထက် ပေးဆပ်ဖို့ဦးတည်ကြရပါမည်။

သို့သော်.........

"ရေမြင့်သည်နှင့်အမျှ ကြာလည်း မြင့်လာ ပါလိမ့်မည်။"

ဇော်နိုင်



The Drive & Control Company Rexroth Bosch Group

# ဂျာမနီနိုင်ငံ Rexroth (Bosch Group) ကုမ္ပဏီ Drive and Control ဌာနမှ ထုတ်လုပ်သော အင်ဂျင်နီယာဘာသာရပ် သင်ကြားရေး အထောက်ကူပြု ပစ္စည်းများ




### Training System for Hydraulics



- On-off hydraulics
- Proportional technology
- Control engineering
- Mobile application

လက်တွေ့ hydraulic application များ အတွက်ကျယ်ပြန့်စုံလင်သော သင်ခန်းစာများနှင့်အတူ industrial standard components နှင့် device sets များပါဝင်ပါသည်။

### Training Systems for Pneumatics



- Standard pneumatics
- Electro pneumatics and control engineering(PLC)

Standardized component များနှင့် လေ့ကျင့်ခန်းများ ပါဝင်ပါသည်။

### Training Systems for Automation



- Mechatronics
- Sensor technology
- PLC
- Control Technlogy

ခက်ခဲနက်နဲသော ပေါင်းစပ်မှုစနစ်များ ကိုလွယ်ကူစွာ သဘောပေါက် နားလည် စေပါသည်။ Automation workstation များသည် control နှင့် drive နည်းပညာတို့ကို စနစ်တခုတည်းအဖြစ် ပေါင်းစပ်တီထွင်ထားသည်။ Hydrautic, pneumatic, electric drives (သို့) linear technology နည်းပညာများကို အသုံးပြုထားသည်။ မောင်းနှင်အား ကိုဖြစ်စေမည့် drive ကို control engineering နှင့် sensor များနှင့် တွဲဖက်အသုံးပြု၍ ပြည့်စုံသော စနစ်ကို ရရှိသည်။

ဆက်သွယ်ရန်

မဝင်းမြသွေး winmyathway@mandalay-technology.com
မမေရီစိုး marysoe@mandalay-technology.com
ကိုထူးဇာနည်ဦး htoozarnioo@mandalay-technology.com
မလဲ့လဲ့ထွန်း leileihtun@mandalay-technology.com

## Asian Science Camp 2016

ဩဂုတ်လ ၂၁ ရက်နေ့မှ၂၆ နေ့အထိ အိန္ဒိယ နိုင်ငံ ဘန်ဂလိုမြို့တွင် ပြုလုပ်ကျင်းပခဲ့သည့် Asian Science Camp 2016 သို့ မြန်မာနိုင်ငံမှ အောက်ဖော်ပြပါ ကိုယ်စားပြု ကျောင်းသား ကျောင်းသူများ တို့ကို ရွေးချယ်ခဲ့ပြီး ကြီးကြပ်သူ အနေဖြင့် မန္တလေးနည်းပညာ ကုမ္ပဏီမှ ဒေါ်ဝင်းမြသွေး

| အမည် | ဘာသာ/နှစ် | တက္ကသိုလ် / ကောလိပ် |
|---|---|---|
| မောင်သက်လွင်မိုး | လျှပ်စစ်စွမ်းအား | သန်လျင် နည်းပညာတက္ကသိုလ် |
| မစန်းနကျော် | မြို့ပြ | မုံရွာ နည်းပညာ တက္ကသိုလ် |
| မချမ်းမြစံ | ရူပဗေဒ | မန္တလေး တက္ကသိုလ် |
| မနော်ဝင့်လွင်ကျော်ခိုင် | ပထမနှစ် | Promise Education Center |
| မဖြူစင်သန့် | HND Diploma | UMG Collage |

ကို စေလွှတ်ခဲ့ပါသည်။ ထိုပွဲမှ Group အလိုက် ယှဉ်ပြိုင်ရသည့် Poster Presentation ပြိုင်ပွဲ တွင် မစန်းနကျော် မှ ပထမဆု နှင့် မဖြူစင်သန့် တို့မှ ဒုတိယဆု အသီးသီး ရရှိခဲ့ပါသည်။

၂၀၁၇ ခုနှစ် Asian Science Camp ကို ဩဂုတ်လ (၂၀)ရက်မှ (၂၆)ရက်အထိ မလေးရှားနိုင်ငံ Tunku Abdul Rahman (Kam par Campus) တွင် ကျင်းပပြုလုပ်သွားမည်ဖြစ် ကြောင်းသိရှိရပါသည်။














## D-ATIS သင်တန်း

DATIS (Digital Automatic Terminal Information System) စနစ်ဆိုသည်မှာ လေကြောင်းလမ်းညွှန်မှုလုပ်ငန်းများတွင် လေကြောင်းလမ်းညွှန်သူ (Air Traffic Controllers) များ နှင့် လေယာဉ်မှူးများကြားတွင် သတင်းအချက်အလက်များကို ပေးပို့သော စနစ်တစ်ခုဖြစ်ပါသည်။ လေယာဉ်ကွင်းများတွင် လေကြောင်းလမ်းညွှန်သူ (Air Traffic Controllers)များ ၏ တာဝန်ကို လွယ်ကူစေရန်နှင့် တိကျစေရန်ဖြစ်ပါသည်။ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များ၊ လေယာဉ်အသုံးပြုနိုင်သော အတက်အဆင်း လမ်းကြောင်းများ၏ သတင်းအချက်အလက်များ၊ လေယာဉ်ချဉ်းကပ်ရမည့် လမ်းကြောင်း သတင်းအချက်အလက်များနှင့် အခြားအရေးကြီးသည့် လေယာဉ်မှူး၏ လိုအပ်သော သတင်းအချက်အလက်များကို အလိုအလျောက် လေယာဉ်မှူးများထံ ထုတ်လွှင့်ပေးနိုင်ပါသည်။

လေကြောင်းညွှန်ကြားမှု ဦးစီးဌာန (DCA) သို့ မန္တလေးနည်းပညာကုမ္ပဏီမှ DATIS (Digital Automatic Terminal Information System) စနစ်ကို တပ်ဆင်ခွင့်ရရှိခဲ့သောကြောင့် ထိုစနစ်နှင့်ပတ်သက်သည့် သင်တန်းကို ကနေဒါနိုင်ငံ သို့ သွားရောက်လေ့လာသင်ယူရန် စီစဉ်ပေးခဲ့သဖြင့် လေကြောင်းညွှန်ကြားမှု ဦးစီးဌာန (DCA) မှ တာဝန်ရှိသူလေးဦးဖြစ်သော ဦးအောင်နေထွန်း၊ ဒေါ်မေသင်းညွှန့်ရွှေ၊ ဒေါ်သိမ့်သိမ့်ထွန်း နှင့် ဒေါ်ချယ်ရီလွင် တို့သည် ကနေဒါနိုင်ငံ Intelcan ကုမ္ပဏီသို့ ဖေဖော်ဝါရီလ (၉)ရက်နေ့တွင် သင်တန်းတက်ရောက်ရန်သွားရောက်ခဲ့ကြပါသည်။

# အနာဂါတ်မိုဘိုင်းဖုန်းများ၏ စိတ်ဝင်စားဖွယ်ခြေလှမ်းများ




မန္တလေးနည်းပညာကုမ္ပဏီ မှ မန်နေးဂျင်းဒါရိုက်တာ ဦးဇော်နိုင် မှဆွေးနွေးပြောကြားစဉ်

7th Mobile & Money and E commerce Summit 2016 ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ (၂၇) ရက်နေ့မှ (၂၈) ရက်နေ့ထိ Park Royal Hotel တွင်ကျင်းပခဲ့ပါသည်။ ထိုဆွေးနွေးပွဲတွင် နိုင်ငံတကာ မှ မိုလ်ဘိုင်းပိုက်ဆံနှင့် ဈေးကွက် အခြေအနေများ၊ နိုင်ငံတကာမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ ၊ မြန်မာနိုင်ငံမှ လက်ရှိအသုံးပြုနေသော မိုလ်ဘိုင်းပိုက်ဆံ စနစ်များ၊ တီထွင်ဆန်းသစ်သော နည်းပညာများ နှင့် ပြည်သူတို့၏ နေ့စဉ်ဘဝ၊ ငွေစက္ကူ အသုံးမပြုရသော နည်းပညာ နှင့် ငွေထုတ်နည်းများ ၊ ဘဏ်များ တယ်လီဖုန်းအော်ပရေတာများ နှင့် မိုလ်ဘိုင်းပိုက်ဆံ ၊ အသေးစား ငွေချေးလုပ်ငန်းများ မှ လက်ရှိ ရင်ဆိုင်နေရသော အခက်အခဲများကို အကြံပေးဆောင်ရွက်ခြင်းများ၊ မိုလ်ဘိုင်းပိုက်ဆံ နည်းပညာဆိုသည်မှာ အသုံးပြုသူများ၏ အဆင်ပြေချောမွေ့မှုသည်သာ အဓိကဖြစ်ကြောင်း၊ သတင်း အချက်အလက်နှင့်နည်းပညာခေတ်တွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ နည်းပညာ နီးနောဖလှယ်ခြင်းသည် အရေးကြီးကြောင်းစသည့် စိတ်ဝင်စားဖွယ် ခေါင်းစဉ်များကို နိုင်ငံတကာမှ အတွေ့အကြုံ ပြည့်ဝသော ကျွမ်းကျင် ပညာရှင်များနှင့် ဆွေးနွေးဖလှယ်ခဲ့ကြပါသည်။

Mobile Financial Solutions and Services နှင့် ပတ်သက်၍ ဆက်သွယ်ရန်

(၁) မဝင်းမြသွေး
winmyathway@mandalay-technology.com

(၂) Mr. Amlan Naik
amlan.n@modefinserver.com




**ModeFinServer™**

ModeFinServer Core Offerings

ModeFinServer core solution offering includes:

1. Mobile Banking
2. Internet Banking
3. Agency Banking, Branchless Banking Solution
4. Mobile Wallet, Mobile Money, Virtual Money Account Solution
5. Micro Savings and Lending, Mobile Payment, Mobile Commerce, Mobile Remittance
6. mPos
7. Socio Banking
8. Video Banking
9. mVisa

The above Solution offering includes various Delivery Channels, Services, Modules.
ModeFinServer is involved in orchestrating some of the best mobile financial services like Eazzy24/7 (Benki Yangu Mkononi), OrangeMoney (IKO PESA) to name a few and the numbers are still growing. With a dedicated team of professionals and industry leading associations with Samsung, BlackBerry, Android, Qt, iOS etc. We are sure that we can relinquish your trust for a award winning mobile financial tool.

www.modefinserver.com ၊ sales@modefinserver.com
India : + 91-99000-16651 Kenya : + 254-7362-65517
Bahrain : + 973-3944-3378 Myanmar : + 951-652285~86

ဆက်သွယ်ရန်
မဝင်းမြသွေး (09 - 970191602)
(Mandalay Technology Co., Ltd)
winmyathway@mandalay-technology.com



# ၂၀၁၇ မြန်မာ့စီးပွားရေးမျှော်မှန်းချက်များနှင့်စိန်ခေါ်မှုများ

ခင်မောင်ညို(ဘောဂဗေဒ)

၂၀၁၇ ခုနှစ်၊ နှစ်ဆန်းမှာ မြန်မာ့စီးပွားရေး အလားအလာကို ဘယ်လိုမြင်သလဲဆိုတဲ့ မေးခွန်းတွေကို အခုတလော ဖြေကြားပေး နေရပါတယ်။

ကံအားလျော်စွာ ဇန်နဝါရီလ ၉ ရက်နေ့ က စီမံကိန်းကော်မရှင် နဲ့ ဘဏ္ဍာရေးကော်မရှင် ရဲ့ အစည်းအဝေးကို ကျင်းပခဲ့လေတော့ ရည် ညွှန်းကိုးကားစရာ ရလာပါတယ်။

ပြီးခဲ့တဲ့ကာလ၊ အစိုးရသစ် တက်လာချိန် မှာ လူသစ်စနစ်သစ်တွေ၊ အံမဝင်ခွင်မကျသေး၊ အသား မကျနိုင်သေးတာနဲ့အတူ၊ စီးပွားရေး တိုးတက်မှု နှေးကွေးခဲ့တဲ့အကြောင်း တာဝန်ရှိ သူများကိုယ်တိုင်ကလက်ခံခဲ့ပြီး၊ ပထမကိုးလ အတွင်း၊ အစိုးရသစ်က အခြေချနိုင်ခဲ့ပြီ ဖြစ်လို့၊ ၂၀၁၇ မှာတော့ အရှိန်ရလာမယ်လို့ အားလုံးက မျှော်လင့်တွက်ဆလာကြပါတယ်။

ဒီအထဲမှာ အစိုးရသစ်က စီးပွားရေးမူဝါဒ ချမှတ်ရာမှာ၊ စီးပွားရေးတိုးတက်မှုတစ်ခုတည်း ကိုသာ ဦးတည်တာမဟုတ်ဘဲ၊ အားလုံး နဲ့သက်ဆိုင်၊ အားလုံးပါဝင်ပတ်သက်ဖို့နဲ့၊ ရေရှည်တိုးတက်ဖို့ဆိုတဲ့ ရည်မှန်းချက်တွေပါ ပါဝင်နေတာကို သတိပြုမိဖို့ လိုပါတယ်။

စီးပွားရေးတိုးတက်မှု၊ ဖွံ့ဖြိုးမှု ရအောင် ကြိုးစားအားထုတ်တာတောင်မှ၊ အတော်အား ထုတ်ကြိုးပမ်းရတဲ့ အလုပ်ဖြစ်လေတော့ တိုင်း ဒေသကြီးတွေ၊ ပြည်နယ်တွေပါ အကျိုးဝင်တဲ့ စီးပွားရေး တိုးတက်မှု ဖြစ်လာဖို့၊ ပြီးတော့ ရေရှည်တိုးတက်ဖွံ့ဖြိုးဖို့ အားထုတ်တယ်ဆိုတာ အတော်လေး ရည်မှန်းချက်မြင့်မားနေလေ မလား၊ ရေတိုစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုကို ထိခိုက်လေလားဆိုတာ၊ ကျွန်တော် အတော် လေး စိုးရိမ်ပူပန်မိပါတယ်။

သဘာဝဓါတ်ငွေ့ ကမ္ဘာ့ပေါက်ဈေးကျ ဆင်းလို့ ရငွေကျဆင်း၊ သစ်ထုတ်လုပ်မှုတင်ပို့မှု ကို လျှော့ချလို့ ရငွေကျဆင်း၊ သတ္တုကကမ္ဘာလုပ် ကွက်တွေကို ပြန်လည်စိစစ်ခွင့်ပြုနေရလို့ ရငွေကျဆင်းတာတွေ ကိုကြည့်ရင်၊ ရေရှည်ဖွံ့ဖြိုး တိုးတက်ဖို့အတွက် ရေတိုမှာ ထိခိုက်နစ်နာမှု အတန်အသင့်ရှိတယ်ဆိုတာကို ပြသနေပါ တယ်။

တစ်ဘက်ကလည်း လျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုကို စရိတ်ကာမိတဲ့ဈေးနှုန်း မဟုတ်၊ ပြည်သူတွေသက်သာအောင် အရှုံး ခံထုတ်လုပ် ဖြန့်ဖြူးနေရတာ၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး အတွက် အခြေခံအဆောက်အအုံ တွေ (ရုပ်ပိုင်းဆိုင်ရာ) အများကြီးတည်ဆောက် ဖို့ လိုအပ်နေတာတွေ ကြောင့်၊ အသုံးစရိတ်တွေ ဆက်လက်သုံးစွဲဖို့ လိုအပ်နေပါတယ်။

ဒီနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ် ကို ပြဋ္ဌာန်းပြီး၊ နိုင်ငံသား-နိုင်ငံခြားမခွဲခြား တဲ့အတွက်၊ တိုး တက်မှုတစ်ခုဖြစ်ပြီး၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကိုဆွဲဆောင်နိုင်စရာ အကြောင်း တစ်ခု ဖြစ်မယ်လို့လည်း မျှော်လင့်ပါတယ်။

ဘဏ္ဍာရေးကော်မရှင်က ဆွေး နွေးရာမှာ ပြည်တွင်းငွေကြေးဈေးကွက်တည်ငြိမ်စေရေး အတွက်၊ စဉ်ဆက်မပြတ် ဂရုပြုဆောင်ရွက်ရန် ဆိုတဲ့အချက်လည်း ပါဝင်ပါတယ်။ မကြာမီက ဗဟိုဘဏ်စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန ပြီးတော့ စီးပွားကူးသန်းဝန်ကြီးဌာနတို့ အပတ် စဉ်ညှိနှိုင်းဆွေးနွေးပွဲတွေ ပြုလုပ်လာတဲ့အခါ၊ ကမ္ဘာ့ဈေးကွက်မှာဒေါ်လာဈေးနှုန်းကျဆင်းလာ တာနဲ့အတူ၊ မြန်မာ့ဈေးကွက်မှာလည်းဒေါ်လာ ဈေးနှုန်းကျဆင်းလာတာကိုသတိပြုမိပါတယ်။

သုံးစွဲစရာတွေ၊ အကုန်အကျခံ စရာတွေ ရှိနေပေမယ့်၊ စနစ်တကျ ခွဲဝေသုံးစွဲပြီး၊ ကြွေး မြီဝန်ထုပ် ဝန်ပိုးကြီးလာတာပဲ ခံနိုင်ရည်ရှိတဲ့ အတိုင်းအတာရှိအောင်၊ ဘတ်ဂျက်လိုငွေကို ဂျီဒီပီရဲ့ ၅ ရာခိုင်နှုန်းထက် မကျော်စေရအောင်၊ ဆက်လက် ထိန်းသိမ်းသွားမယ်လို့ သိရတဲ့ အတွက် နိုင်ငံတကာ အဖွဲ့အစည်းများတို့ အကြံ ပြုချက်နဲ့လည်း ကိုက်ညီနေပါတယ်။

ဒီနှစ်မှာ ထူးခြားတယ်လို့ဆိုနိုင်တာက၊ ကျပ်ငွေဖြင့် ကောက်ခံရရှိတဲ့ ကုန်သွယ်လုပ်ငန်း ခွန်ရရှိငွေရဲ့ ၁၅ ရာခိုင်နှုန်း၊ အထူးကုန်စည်ခွန်ရဲ့ ၁၅ ရာခိုင်နှုန်းနဲ့ ဝင်ငွေခွန်ရဲ့ ၅ ရာခိုင်နှုန်းတို့ကို ပြည်ထောင်စုကနေ တိုင်းဒေသကြီးနဲ့ ပြည်နယ် တွေကို ခွဲဝေပေးမယ်လို့ ဆိုထားပါတယ်။ တစ် ဘက်မှာ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွက် အခုလို ခွဲဝေပေးတာဟာ၊ အဲဒီဒေသတွေရဲ့ ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်နိုင်သလို၊ တစ် ဘက်ကလည်းစနစ်တကျ၊ ထိထိရောက် ရောက် သုံးစွဲရေးအတွက် လိုအပ်တဲ့စွမ်းရည် တွေရှိနေဖို့ လိုအပ်ပြီး၊ ပြင်ဆင်ထားနိုင်မှ အလေအလွင့်နည်းပါးမယ်။

စီမံကိန်းတွေ အကောင်အထည်ဖော်ရာ မှာ အစိုးရအဖွဲ့အတွင်း နဲ့ ဝန်ကြီးဌာနအချင်းချင်း၊ ပြီးတော့ ဗဟိုအစိုးရနဲ့ တိုင်းဒေသကြီး၊ ပြည် နယ်အစိုးရတွေ အကြား၊ ပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးတယ်ဆိုတဲ့ အကြောင်းကို ဆွေးနွေး သွားတာလည်း တွေ့ရပါတယ်။ တကယ်တော့၊ တချို့ဌာနတွေ၊ အဖွဲ့အစည်းတွေမှာဆိုရင် ဌာနအတွင်း၊ အဖွဲ့ အစည်းအတွင်းမှာတောင် ပူးပေါင်းဆောင်ရွက်မှု အားနည်းနေတတ်ပါ တယ်။

နိုင်ငံတကာစီမံကိန်းတွေနဲ့ ပတ်သက်လို့ စိတ်ပူတတ်စရာတွေ အတွက်၊ ကိုယ့်ဖွံ့ဖြိုးရေး စီမံကိန်းက ကိုယ်ပိုင်ဖြစ်ရမယ်။ ကိုယ့်နိုင်ငံသား များရဲ့ လိုအပ်ချက်အရ စီမံကိန်းတွေရေးဆွဲ ရမယ်လို့ ဆွေးနွေးသွားတာကိုလည်း သတိပြု မိပါတယ်။

စိတ်ဝင်စားစရာကောင်းတဲ့ အချက်တစ်ခု က နိုင်ငံတော်ကို အကျိုးပြုတဲ့ စီမံကိန်းတွေ ဖြစ်ဖို့ဆိုတဲ့ ဆွေးနွေးချက်ပါ။ အရင်က ဆောင် ရွက်ခဲ့တဲ့ စီမံကိန်းတွေထဲက၊ အကျိုးမဖြစ် ထွန်းတဲ့ စီမံကိန်းတွေကို ဘယ်လိုလျော့ချ မယ်၊ ဖျက်သိမ်းမယ်၊ လက်တွဲမယ်ဆိုတာ စဉ်းစား ကြမယ်လို့သိရပါတယ်။

အရင်က ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းတွေ ကို ဆက်လုပ်နေရတယ်။ တတ်နိုင်သမျှတော့ ဆောင် ရွက်သွားမယ်။ မလုပ်နိုင်တာတွေကို ရပ်မယ်။ အရင်ကအမှားမျိုးတွေ မမှားရအောင် တတ်နိုင်သမျှ ကြိုးစားကြဖို့ အမျိုးသားစီမံကိန်း ကော်မရှင်အစည်းအဝေး (၁/၂၀၁၇) မှာ ပြော သွားတာတွေ့ရတယ်။

ဒီနေရာမှာ သတိရလို့ ကြားဖြတ်ပြီးပြော ရရင်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ဖွဲ့ပြီးခဲ့ ပေမယ့်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဥပဒေမတွေ့ ရသေးသလို၊ လုပ်ငန်းစဉ်တစ်စုံတစ်ရာကိုလည်း မြင်တွေ့ရခြင်းမရှိသေးပါဘူး။

ရှေ့မှာ ဆွေးနွေးခဲ့သလို၊ ၂၀၁၆ - ၁၇ ဘဏ္ဍာရေးနှစ်မှာ ၂၀၁၆ နှစ်ကုန်ခန့်မှန်းချက် အရ ၅ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်မယ်၊ ၂၀၁၇-၁၈မှာ ၇ ရာခိုင်နှုန်းတိုးတက်ဖို့၊ လူတစ်ဦး စီရဲ့ စုပေါင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး၊ ကျပ် ၁၇ သိန်း ကျော်ရရှိဖို့ မျှော်မှန်းထားတယ်ဆို တာ တွေ့ရတော့၊ ရေရှည်တိုးတက်ဖို့ ရေတိုမှာ (၂၀၁၆-၁၇ ) နှစ်မှာ အနစ်နာခံတယ်ဆိုတဲ့ သဘောကို မြင်တွေ့မိပါတယ်။ မြန်မာစီးပွားရေး အလားအလာနဲ့ ပတ်သက်လို့ နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့၊ နှစ်ကုန် ခန့်မှန်းသုံးသပ် ချက်တွေကို မတွေ့ ရသေးပေမယ့်၊ အခုအတိုင်း ဆိုရင်မြန်မာအစိုးရရဲ့ ခန့်မှန်းချက်ဟာ နိုင်ငံ တကာအဖွဲ့အစည်းတွေရဲ့ အရင်ခန့်မှန်းချက် တွေထက်ပိုနေတာတွေ့ရပါတယ်။ အရင် အတွေ့အကြုံတွေအရဆိုရင်၊ အခုပြောတဲ့ ၅.၇ ရာခိုင်နှုန်းတို့၊ ၇ ရာခိုင်နှုန်းတို့ဆိုတာ မဖြစ်နိုင်တဲ့ တိုးတက်မှုနှုန်းတွေမဟုတ်ပါဘူး။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဦးဆောင်တဲ့ အစိုးရအနေနဲ့လည်း ပြီးခဲ့တဲ့ ကိုးလတာ အတွင်းမှာ မိမိရဲ့လုပ်ဆောင်မှုတွေကို ပြန်လည်သုံးသပ်ပြီး အမှားအယွင်းတွေတွေ့

**စာမျက်နှာ(၈)သို့....**

# Intergraph နည်းပညာများကိုသုံး၍အဆင့်မြင့်ခေတ်မီသင်္ဘောများ တည်ဆောက်ခြင်း

အောင်စိုးမိုး

INTERGRAPH




ကမ္ဘာကြီး အချိန်နှင့်အမျှ ပြောင်းလဲတိုးတက် နေသကဲ့သို့ နည်းပညာများလည်း တိုးတက်လျက် ရှိပါသည်။ နည်းပညာ တိုးတက်လာသည်နှင့်အမျှ သင်္ဘောများ တည်ဆောက်ရာတွင်လည်း တနေ့ထက် တစ်နေ့ပိုမို၍ ကြီးမားသော၊ ခေတ်မီသော၊ အသေးစိတ်သော၊ ခက်ခဲသော၊ လှပသော သင်္ဘောဒီဇိုင်းများဖြင့် တည်ဆောက် ထုတ်လုပ်လာကြပါသည်။

သင်္ဘောတစ်စီးတည်းကိုပင် EPC contractor အင်ဂျင်နီယာ ကန်ထရိုက်တာ အမျိုးမျိုးပူးပေါင်း၍ တည်ဆောက်ရန် လိုအပ်လာပါသည်။ သင်္ဘောတစ်စီးကိုပင် အစိတ်အပိုင်းအသီးသီး၊ ဥပမာ-ကိုယ်ထည်၊ လျှပ်စစ်ပိုင်း၊ ရေပိုင်း၊ အင်ဂျင်ပိုင်းစသည်ဖြင့် ကဏ္ဍများခွဲ၍ တည် ဆောက်ရာတွင် ထပ်မံ၍ အဆင့်ဆင့်၊ ဆင့်ကဲ တာဝန်ယူ ဆောင်ရွက်ကြရပါသည်။ သင်္ဘော တည်ဆောက်ရာတွင် တာဝန်ယူရသည့် အဖွဲ့ တစုနှင့်တစု အချင်းချင်းဆက်သွယ် ရာတွင် သတင်းအချက်အလက်များ ပြည့်စုံမှန်ကန် တိကျခြင်းသည် အဓိက အရေးကြီး လာပါသည်။

သင်္ဘောတည်ဆောက်ရာတွင် ဌာနအသီးသီး အဖွဲ့အစည်း အသီးသီးမှ အင်ဂျင်နီယာများ၊ ဒီဇိုင်း ပညာရှင်များ၊ ပညာရှင်များ၊ ကျွမ်းကျင်ဝန်ထမ်းများ အားလုံးပေါင်းစည်း၍ အတူတကွ မိမိဆောင်ရွက်ရသည့် လုပ်ငန်းနှင့် အခြားအဖွဲ့အစည်းများမှ တာဝန်ယူရသည့် လုပ်ငန်း အသီးသီးတို့ ပူးပေါင်း ဆောင်ရွက်ရာတွင် သိရှိရမည့် အခက်အခဲများကို လက်တွေ့ဆောင်ရွက်ခြင်း မပြုလုပ်မီ မည်သို့ဖြစ်လာနိုင်သည်ကို ဦးစွာ စမ်းသပ် စစ်ဆေးခြင်းနှင့် လိုအပ်မှုများ ညှိနိုင်းခြင်း တို့သည်လည်း အဓိကကဏ္ဍမှ ပါဝင်လာသည်။

ယခုကဲ့သို့ သင်္ဘောကြီးများ တည်ဆောက်ရာတွင် ပညာရှင်အမျိုးမျိုးတို့သည် နည်းလမ်းအမျိုးမျိုး၊ နည်းပညာအမျိုးမျိုး၊ ဆော့ဖ်ဝဲလ်အမျိုးမျိုးတို့ဖြင့် အသုံးချသဖြင့် ယင်းတို့ကို ပေါင်းစည်းရန် အခက်အခဲများ ဖြေရှင်းရန် လိုအပ်ပြန်သည်။ တစ်ယောက်နှင့် တစ်ယောက်၊ ဌာနတစ်ခုနှင့်တစ်ခု ဆက်သွယ် ပေါင်းစည်းရာ၌ အန္တရာယ်ကင်းရှင်းရေးသည်လည်း မလွဲမသွေ ဂရုစိုက်ရမည့် အချက်အဖြစ် စဉ်းစားကြရပြန်သည်။

## "3D Modeling ကို ကမ္ဘာ့တဝှမ်း ဖြန့်ချီ ပေးခဲ့သဖြင့် သင်္ဘော များ တည်ဆောက်ရာ၌ အလွန်ပင် အထောက်အပံ့ရပြီး အကျိုးပြု"

ဤကဲ့သို့ အခက်အခဲ ပြဿနာများကို ဖြေရှင်းရန် နည်းလမ်းများစွာကို စဉ်းစားကြရာတွင် အင်တာဂရပ်ဖ်ကော်ပိုရေးရှင်း (Intergraph Corporation) မှ နောက်ဆုံးပေါ် အင်ဂျင်နီယာ ဆိုင်ရာ သုံးဖက်မြင်နည်းပညာ (Engineering 3D) ပညာကိုအခြေခံ၍ သင်္ဘောတည် ဆောက်ခြင်းလုပ်ငန်းအတွက် 3D Modeling ကို ကမ္ဘာ့တဝှမ်းဖြန့်ချီ ပေးခဲ့သဖြင့် သင်္ဘောများတည်ဆောက်ရာ၌ အလွန်ပင် အထောက်အပံ့ရပြီး အကျိုးပြုပါသည်။

အင်တာဂရပ်ဖ်မှ 3D Modeling ဆော့ဖ်ဝဲလ်ကိုသုံးခြင်းဖြင့် -

(၁) သေသပ်ကောင်းမွန်သော ဒီဇိုင်း

(၂) အလေ့အကျင့် မရှိသူများလည်း အလွယ်တကူဆောင်ရွက်နိုင်မှု

(၃) အန္တရာယ်ကင်းစွာ လုပ်ငန်းများ ပေါင်းစည်းလည်ပတ်နိုင်မှု

(၄) အဘက်ဘက်မှလိုအပ်သည်များကို စည်းစနစ်တကျစီမံခန့်ခွဲနိုင်နိုင်မှု

(၅) ဒီဇိုင်နာ(သို့) အင်ဂျင်နီယာတစ်ယောက်သည် မိမိ၏ စိတ်ကူး အလိုက် ကောင်းသည့်ထက် ကောင်း၍ လိုသည် ထက်ပိုမို ကောင်းမွန်ရန် လုပ်နိုင်မှုစသော အကျိုးကျေးဇူးများစွာ ရရှိနိုင်ပါသည်။

ဥပမာအားဖြင့် ကမ္ဘာ့အကြီးဆုံး တန်ချိန် ၆၀၀၀၀ ရှိသည့် Shell Prelude (FLNG) ကို Samsung Heavy Industry မှ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်မှာ Intergraph Smart 3D ၏ စွမ်းဆောင် နိုင်မှုများမှ တစ်ခုအပါအဝင် ဖြစ်ပါသည်။

အင်တာဂရပ်ဖ်၏ အင်ဂျင်နီယာဆော့ဖ်ဝဲလ်များကို မြန်မာနိုင်ငံတွင် မန္တလေး နည်းပညာကုမ္ပဏီမှ တာဝန်ယူ ဖြန့်ချီလျက်ရှိပြီး ယခုအခါ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ် (Myanmar Maritime University)နှင့် ရန်ကုန်နည်းပညာတက္ကသိုလ် (Yangon Technological University)တို့သို့ လှူဒါန်းခဲ့ပြီး ဆရာ/ဆရာမများအား သင်တန်းများပို့ချပေးလျက်ရှိပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အတွက် Intergraph အင်ဂျင်နီယာ ဆော့ဖ်ဝဲများ ပေးအပ်လှူဒါန်း



အင်တာဂရပ် (Intergraph) အင်ဂျင်နီယာ ဒီဇိုင်းနှင့် စီမံခန့်ခွဲမှု ဆော့ဖ်ဝဲစနစ်များ ကို မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြတ်လွင် သို့ Intergraph Corporation မှ Mr. Raymond Howarth (Technical Director) မှ ပေးအပ်စဉ်

မန္တလေးနည်းပညာကုမ္ပဏီနှင့် အမေရိကန် Intergraph ကော်ပိုရေးရှင်းမှ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် (Myanmar Maritime University) သို့ အင်တာဂရပ် (Intergraph) အင်ဂျင်နီယာဒီဇိုင်းနှင့် စီမံခန့်ခွဲမှု ဆော့ဖ်ဝဲစနစ်များကို ၂၀၁၅ခုနှစ် ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ပေးအပ်လှူဒါန်းခဲ့ပါသည်။

အဆိုပါ ဆော့ဖ်ဝဲလ်များ အသုံးချ သင်တန်းကိုလည်း ပြည်တွင်းပြည်ပမှ ပညာရှင်များဖြင့် (၄) လကြာ ပို့ချပေးခဲ့ပါသည်။

# ရန်ကုန်နည်းပညာတက္ကသိုလ် အတွက် Intergraph အင်ဂျင်နီယာဆော့ဖ်ဝဲများ ပေးအပ်လှူဒါန်း




ရန်ကုန် နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ အေးမြင့်သို့ အင်တာဂရပ် ကော်ပိုရေးရှင်းမှ ဒုတိယ ဥက္ကဋ္ဌ Mr. Chin Kong Far မှ အင်တာဂရပ် ဆော့ဖ်ဝဲ ပေးအပ်စဉ်




ရန်ကုန် နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ အေးမြင့်မှ Ms. Kristen F. Bauer (အမေရိကန်သံရုံးမှ သံရုံး ဒုတိယ အကြီးအကဲ) အားအမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်

မန္တလေးနည်းပညာကုမ္ပဏီမှ ရန်ကုန်နည်းပညာ တက္ကသိုလ်(Yangon Technological University) သို့ အင်တာဂရပ် အင်ဂျင်နီယာ နှင့် စီမံခန့်ခွဲမှု ဆိုင်ရာဆော့ဖ်ဝဲလ်များကို ၂၀၁၆ခုနှစ် ဩဂုတ်လ (၁၆)ရက်နေ့တွင် လှူဒါန်းခဲ့ပါသည်။ မြန်မာနိုင်ငံ ဆိုင်ရာ အမေရိကန်သံရုံးမှ သံရုံး ဒုတိယ အကြီးအကဲ Ms. Kristen F. Bauer တက်ရောက်ခဲ့ပြီး ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်စွာစိုးနှင့် Center of Excellence များစီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌပါမောက္ခဆရာကြီးဦးညီလှငယ်၊ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာ အေးမြင့်နှင့် ဌာနမှူးများ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (Myanmar Maritime University) မှ ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပါသည်။

## ဦးညီလှငယ် ဖောင်ဒေးရှင်းသို့ ရန်ပုံငွေလှူဒါန်း




U NYI HLA NGE FOUNDATION

Mandalay Technology Co., Ltd.

0153

18.8.2016

မြန်မာနိုင်ငံတွင် အင်ဂျင်နီယာပညာရပ်များ တိုးတက်ပြန့်ပွားရေးအတွက် အားပေးပံ့ပိုးရန်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော ဦးညီလှငယ်ဖေါင်ဒေးရှင်းသို့ မန္တလေးနည်းပညာကုမ္ပဏီမှ ငွေကျပ်သိန်းသုံးဆယ်တိတိလှူဒါန်းခဲ့ပါသည်။

## အနာဂတ်ကမ္ဘာအတွက် ရေ၊စွမ်းအင်နှင့်စားနပ်ရိက္ခာဆုံချက်
## Future Earth: Water – Energy - Food Nexus




ဂျပန်နိုင်ငံ ကျိုတိုမြို့ Research Institute for Humanity and Nature သုတေသနဌာနတွင် ၂၀၁၆ ခုနှစ်၊ ဧပြီလ (၄) ရက်မှ (၇) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော အနာဂတ်ကမ္ဘာအတွက် ရေ၊စွမ်းအင်နှင့် စားနပ်ရိက္ခာဆုံချက် (Future Earth: Water - Energy - Food Nexus) ဆိုင်ရာ သုတေသန အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ မွန္တလေး နည်းပညာကုမ္ပဏီ၏ မန်နေးဂျင်း ဒါရိုက်တာဦးဇော်နိုင် တက်ရောက်ခဲ့ပြီး "အနာဂတ်ကမ္ဘာ၏ ရေစွမ်းအင်နှင့် စားနပ်ရိက္ခာ လုံလောက်ပြည့်စုံရန် မူဝါဒနှင့် စီမံခန့်ခွဲမှု ဆိုင်ရာကဏ္ဍတွင် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်များ ကြိုတင် ကာကွယ်ပြင်ဆင်မှု အရေးကြီးကြောင်း" စာတမ်းရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် အနာဂတ်ကမ္ဘာအတွက် ရေ ၊ စွမ်းအင်နှင့် စားနပ်ရိက္ခာ ဆုံချက် (Future Earth: Water - Energy - Food Nexus) ဆွေးနွေးပွဲ(၄)ခု လျာထားသည့်အနက်မှ တတိယမြောက်ဖြစ်ပြီး ကမ္ဘာတစ်လွှားမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရကဏ္ဍ တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ကမ္ဘာကြီးပေါ်တွင် လူသားများနှင့် သဘာဝပတ်ဝန်းကျင်တို့ အပြန်အလှန် ထိတွေ့ မှုများ ကြောင့် ဆိုးကျိုးများဖြစ်ပေါ်မှုများ (ဥပမာ - ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်း၊ ရေနှင့် စွမ်းအင်အရင်းအမြစ်များ အပါအဝင် သဘာဝ အရင်းအမြစ်များ ပြုန်းတီးခြင်း၊ သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းမှုများမှသည် လူသားတို့၏ ကျန်းမာရေးနှင့် သဘာဝ အရည်အသွေးများ လျော့နည်း ပျက်စီးလာခြင်း စသည်) တို့ကို လျော့နည်းစေရန် နှင့် ရေ၊စွမ်းအင်နှင့် စားနပ်ရိက္ခာ လိုအပ်ချက်များကို စဉ်ဆက်မပြတ် ဖြည့် ဆည်းပေးနိုင်ရန် အတွက် မူဝါဒများ၊ နည်းလမ်းများ၊ ဆောင်ရွက်ရမည့် ကိစ္စများကို ဆွေးနွေးခဲ့ကြပါသည်။အလုပ်ရုံ ဆွေးနွေးပွဲ(၄)ခုမှ ရရှိသော ဆွေးနွေးချက်၊ တွေ့ရှိချက်များကို စာတမ်းပြုစု၍ ကမ္ဘာ့ကုလသမဂ္ဂ ၏ Sustainable Development Goals (စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များ) ညီလာခံ၌ တင်သွင်းသွားမည်ဖြစ်ပါသည်။

### အမှတ်တရဓာတ်ပုံ

ဂျပန်နိုင်ငံ၊ တိုကျိုမြို့ Research Institute for Humanity and Nature သုတေသနဌာနတွင်ကျင်းပပြုလုပ်သော "အနာဂတ်ကမ္ဘာအတွက်ရေစွမ်းအင်နှင့်စားနပ်ရိက္ခာဆုံချက်"သုတေသနအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သော မွန္တလေးနည်းပညာကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးဇော်နိုင်နှင့် သိပ္ပံ ပညာရှင်များ ကျိုတိုရုက္ခဗေဒ ဥယျာဉ်တွင် အမှတ်တရဓါတ်ပုံ ရိုက်ကူးစဉ်



## OTC Asia
## သို့တက်ရောက်ခဲ့



၂၀၁၆ ခုနှစ် မတ်လ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ တွင်ကျင်းပသော The Offshore Technology Conference Asia (OTC Asia) သို့ မွန္တလေး နည်းပညာ ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးဇော်နိုင်နှင့် စီးပွားရေးမြှင့်တင်ရေး မန်နေဂျာ ဦးအောင်စိုးမိုးတို့သည် MOGSS(Myanmar Oil and Gas Services Society) မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ဝန်ဆောင်မှုလုပ်ငန်းများ အသင်း၏ ကိုယ်စားလှယ် အဖွဲ့ဝင်များအဖြစ် ပါဝင် တက်ရောက်ခဲ့ကြပါသည်။

# NSDI (National Spatial Data Infrastructure) အကြောင်းရှင်းလင်းတင်ပြခြင်း

၂၀၁၆ခုနှစ်၊ ဇွန်လ (၂)ရက်နေ့က နေပြည်တော်တွင် ပညာရေးဝန်ကြီးဌာန (ယခင်သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန) အစည်းအဝေးခန်းမ၌ အမြဲတမ်းအတွင်းဝန် ဦးကျော်စွာစိုးအား မန္တလေး နည်းပညာ ကုမ္ပဏီ၏ မန်နေးဂျင်း ဒါရိုက်တာ ဦးဇော်နိုင်မှ NSDI (National Spatial Data Infrastructure) နှင့် ပတ်သက်သော နည်းပညာများ၊ ဆောင်ရွက်ခဲ့ပြီးသော အခြေအနေများ အကြောင်းရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ပါသည်။ ဆရာကြီးဦးကျော်စွာစိုးမှလည်း ဌာနအနေဖြင့် တိုင်းပြည်၏ ကဏ္ဍအသီးသီးအတွက် လိုအပ်နေသော GIS သတင်းအချက်အလက်များအတွက်အခြေခံစံနှုန်းများ၊ စံနစ်များ ပေါ်ပေါက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက် ရာတွင် အစိုးရဌာနများ၊ တက္ကသိုလ်ကောလိပ်များနှင့် အတူပုဂ္ဂလိကကဏ္ဍမှပါပူးပေါင်း ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့အတွက်လိုအပ်နေသော GIS Database စံနစ်များ နှင့် NSDIအခြေခံစံနှုန်းများ၊ မူဘောင်များပေါ်ထွန်းလာဖို့ အားလုံးလက်တွဲ ကြိုးစားသွားရမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။







ရေ၊ စွမ်းအင် နှင့် စားနပ်ရိက္ခာ ဆုံချက်ဆိုင်ရာ အာရှ သုတေသနဌာန (Asian Hub of WEF Nexus) ဖွဲ့စည်း တည်ထောင်ရန်အစည်းအဝေး



WEF Nexus ဆွေးနွေးပွဲတက်ရောက်ကြသော နိုင်ငံတကာမှ သိပ္ပံပညာရှင်များနှင့် အမှတ်တရ



တက္ကသိုလ်များ၊ ကောလိပ်နှင့် သိပ္ပံများ၊ ကျောင်းများ၏ စာသင်ခန်းများတွင်သာမက အစည်းအဝေးခန်းများတွင်ပါသုံးနိုင်သော LED Interactive Board များ ထုတ်လုပ်သည့် CVTE ကုမ္ပဏီသို့ ရောက်ရှိစဉ် အမှတ်တရ။

## "မြေ" ဆိုင်ရာ သိပ္ပံပညာရှင်များစည်းဝေး

နိုင်ငံတကာ မြေဆိုင်ရာ သိပ္ပံပညာရှင်များ အစည်းအဝေး (The Global Land Project ၊Open Science Meeting 2016) ကို တရုတ်နိုင်ငံ ဘေကျင်းမြို့တွင် ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်မှ (၂၇)ရက်နေ့အထိ ကျင်းပခဲ့ရာ မန္တလေးနည်းပညာကုမ္ပဏီ၏ မန်နေးဂျင်း ဒါရိုက်တာ ဦးဇော်နိုင် တက်ရောက်ခဲ့ပြီး "မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းဆဲကာလတွင် ရေ၊ စားနပ်ရိက္ခာနှင့် စွမ်းအင်တို့ အတွက် မြေအသုံးချမှုနှင့် စနစ်များဆိုင်ရာ ရင်ဆိုင် ဖြေရှင်းရမည့် စိန်ခေါ်ချက်များ " (Challenges in the land use and land systems at the nexus at water, food and energy in the transitioning Myanmar) ခေါင်းစဉ်ဖြင့် ပါဝင်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။




ထိုအစည်းအဝေး အပြီးတွင် ဘေကျင်းမြို့နှင့် နန်းကျင်း စိုက်ပျိုးရေးတက္ကသိုလ်တို့တွင် ကျင်းပခဲ့သော ရေ၊ စွမ်းအင်နှင့် စားနပ်ရိက္ခာ ဆုံချက်ဆိုင်ရာ အာရှသုတေသနဌာန (Asian Hub of WEF Nexus) ဖွဲ့စည်း တည်ထောင်ရေးအတွက် အစည်းအဝေး များသို့လည်း ဆက်လက် တက်ရောက်ခဲ့ပါသည်။




## WITSA Global ICT Excellence Awards 2016

၂၀၁၆ ခုနှစ် WITSA (World Information Technology and Services Alliance) Global ICT Excellence Awards ကမ္ဘာလုံးဆိုင်ရာ ICT နည်းပညာဆုများကို ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံမှ မန္တလေးနည်းပညာကုမ္ပဏီ (Mandalay Technology Company) သည် Sustainable Growth Award (ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်မှုဆု) ကဏ္ဍအတွက် Merit Award ဂုဏ်ပြုဆုချီးမြှင့်ခြင်းခံရပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် မြေအသုံးချမှုများပြောင်းလဲခြင်း၊ ကမ်းရိုးတန်းဒေသ ပြောင်းလဲခြင်းများကို ဂြိုလ်တုဓါတ်ပုံများနှင့် GIS နည်းပညာတို့ အသုံးပြုလေ့လာ၍ ဒေသ၏ရေရှည်ဖွံ့ဖြိုးရေး အတွက် မြေအသုံးချမှု စီမံချက် မြေပုံများဖြင့် ကူညီထောက်ပံ့ခဲ့ခြင်း၊ မြန်မာနိုင်ငံ၏ ဂေဟာစနစ်နှင့် စိုက်ပျိုးရေးအခြေပြမြေပုံ (Agro-ecolgical Atlas Maps) များရေးဆွဲခဲ့ခြင်းတို့အတွက် ဂုဏ်ပြုဆု ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါလုပ်ငန်းများကို ARDC (Agribusiness and Rural Development Consultants) နှင့် Forest Inform တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။







D103 GROUP






www.d103group.com

**Design 103 International Limited**
9th Fl. Asoke Towers
219/ 28-31 Sukhumvit 21 Rd.
Klongtoey Nua, Wattana
Bangkok 10110 Thailand
Phone: +66 2 260 0160-1
Fax: +66 2 259 0489
E-mail: office@d103group.com

**Design 103 International Limited (Yangon Representative Office)**
Unit 7, Building 1, Myanmar Info-Tech
Hlaing Township, Yangon
Myanmar 11052
Phone: +95 1 652285 Fax: +95 1 652286
Mobile Phone: 09 970528547
E-mail: office@d103group.com

**First row left to right:** Siam Paragon, Bangkok, Thailand; Le Meridien, Bangkok, Thailand; SCG 100th Year Building, Bangkok, Thailand.
**Second row:** Riverside Condominium, Myanmar. **Third row left-right:** Duke of York the Office, Myanmar; The Lakeview Meridian, Myanmar; Super Axis, Myanmar.

# Water Fellowship Programme

၂၀၁၅ခုနှစ်မှ ၂၀၁၇ခုနှစ်အထိပြုလုပ်ခဲ့သော MK30, Ayeyarwaddy WLE Water Fellowship Programme သင်တန်းဖြစ်မြောက်ရေးတွင် မန္တလေးနည်းပညာကုမ္ပဏီမှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

" MK30, Ayeyarwaddy WLE Water Fellowship Programme" သည် ဧရာဝတီမြစ်၏ ရေ၊ မြေ နှင့် ဂေဟစနစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဗဟုသုတများ နှင့် ကျွမ်းကျင်မှုများ မြှင့်တင်ပေးခြင်းဖြစ်ပါသည်။ ဧရာဝတီမြစ်အပါအဝင် မြန်မာနိုင်ငံရှိရေ နှင့် ပတ်သက်သော စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များတွင်စိတ်ပါဝင်စားကြသည့် အစိုးရ အဖွဲ့အစည်းများ၊ ပညာရေးနယ်ပယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ အပါအဝင် ရေနှင့် နီးနွယ်သည့် အလယ်တန်းဆင့်ပညာရှင်များ ကိုရွေးချယ်၍ ပူးပေါင်းဆောင်ရွက်ခြင်း၊ တင်ပြခြင်း၊ ဆွေးနွေးအဖြေရှာခြင်းဆိုင်ရာများအပါအဝင်နိုင်ငံတကာနှင့်မြန်မာနိုင်ငံမှ ရေပညာရှင်ကြီးများ၏လမ်းညွှန်မှုဖြင့် ကိုယ်ပိုင်စွမ်းရည်များကို မြှင့်တင်ပေးရန် ဆောင်ရွက်သည့် fellowship အစီအစဉ်ဖြစ်ပါသည်။



၂၀၁၆ခုနှစ်၊ ဇွန်လ (၂၈)ရက်နေ့တွင် အင်းယားလိပ်ဟိုတယ်တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ်သင်တန်း ဆင်းပွဲ



၂၀၁၆ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်နေ့တွင် အင်းယားလိပ်ဟိုတယ်တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် သင်တန်းဖွင့်ပွဲ

---

## တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများအတွက် အလုပ်သင်ဝန်ထမ်း အခွင့်အရေး ပေးအပ်။

မြန်မာနိုင်ငံရှိ တက္ကသိုလ် အသီးသီးမှ အောက်ပါကျောင်းသား၊ ကျောင်းသူများသည် မန္တလေးနည်းပညာကုမ္ပဏီတွင် အလုပ်သင်ဝန်ထမ်းများအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်၍ လေ့လာ၊ သင်ယူ၊ လုပ်ကိုင်၊ ဆောင်ရွက်ခဲ့ကြပါသည်။

| | | | |
|---|---|---|---|
| ၁။ | မသက်အိန္ဒြာ | ပထမနှစ် ရန်ကုန်နည်းပညာတက္ကသိုလ် | Public Relations Assistant |
| ၂။ | မဟန်နီသိန်း | BE(IT) နည်းပညာတက္ကသိုလ်(မှော်ဘီ) | IT Assistant |
| ၃။ | မသုန္ဒာဝေဖြိုး | BE(IT) နည်းပညာတက္ကသိုလ်(မှော်ဘီ) | IT Assistant |
| ၄။ | စောပလာဝါး | ဒုတိယနှစ် (စီးပွားရေးပညာ) အနောက်ပိုင်းတက္ကသိုလ် | Admin Assistant |
| ၅။ | မောင်မင်းသူ | ပထမနှစ် (အင်္ဂလိပ်စာ) ဒဂုံတက္ကသိုလ် | Public Relations Assistant |

# သန်လျင်နည်းပညာတက္ကသိုလ်နှစ်(၃၀)ပြည့်ပုလဲရတုအခမ်းအနား

သန်လျင်နည်းပညာတက္ကသိုလ်နှစ် (၃၀) ပြည့် ပုလဲရတု အခမ်းအနား၊ ပညာရေးပဒေသာပင်စိုက်ထူခြင်းနှင့် ပညာရေးအထောက်အကူပြု နည်းပညာပြပွဲ ကို ဒီဇင်ဘာလ ၃၀ရက်၊ နံနက် ၉နာရီမှ ညနေ ၄ နာရီအထိ သန်လျင် နည်းပညာတက္ကသိုလ်မှာ ကျင်းပပြုလုပ်ခဲ့ပါသည်။ မန္တလေးနည်းပညာကုမ္ပဏီမှ နည်းပညာပြပွဲနှင့် ပုလဲရတုအခမ်းအနား ဖြစ်မြောက်ရေးအတွက် ကူညီပါဝင်ဆောင်ရွက်ပေးခဲ့ပါသည်။







## Project Show and Competition 2016 @ နည်းပညာတက္ကသိုလ် (မှော်ဘီ)






မှော်ဘီနည်းပညာတက္ကသိုလ်၏ "Project Show and Competition(2016)" ကို ၂၀၁၆ခုနှစ် အောက်တိုဘာလ(၂၇)ရက်မှ (၂၈) ရက်အထိ ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးနည်းပညာကုမ္ပဏီမှ ပညာရေးအထောက်အကူပြုနည်းပညာများကို ကုမ္ပဏီအသီးအသီးမှလာရောက် ပြသနိုင်ရေး စီစဉ်ပေးခဲ့ပါသည်။

ပြပွဲတွင် နည်းပညာတက္ကသိုလ်(မှော်ဘီ)မှ ကျောင်းသား၊ ကျောင်းသူများ၏ လက်တွေ့တီထွင်ပြုလုပ် ဆောင်ရွက်ထားသော ပရောဂျက်ပစ္စည်းများအား ခင်းကျင်းပြသယှဉ်ပြိုင်ခဲ့ကြပြီး အကောင်းဆုံးပရောဂျက်များအား ဆုချီးမြှင့်ခဲ့ပါသည်။ ကျောင်းသား၊ ကျောင်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အလုပ်အကိုင်အေဂျင်စီကုမ္ပဏီများ၊ မိုဘိုင်းနည်းပညာကုမ္ပဏီများ၊ အီလက်ထရောနစ်ပစ္စည်းနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းများ၊ သင်ထောက်ကူပစ္စည်းကုမ္ပဏီများမှ အလုပ်အကိုင်အခွင့်အလမ်းများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ အင်ဂျင်နီယာသင်ကြားရေးအထောက်အကူပြုပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ ခင်းကျင်းပြသခဲ့ပါသည်။

"Project Show and Competition 2016" သည် ကျောင်းသား၊ ကျောင်းသူများအတွက် မိမိတို့၏ လက်တွေ့တီထွင်ပြုလုပ်ထားသော Project စွမ်းရည်များအား ယှဉ်ပြိုင်ပြသခွင့်ရရှိသည့်အပြင် အလုပ်အကိုင် အခွင့်အလမ်းကောင်းများလည်းရရှိခဲ့ပြီး ဖွံ့ဖြိုးတိုးတက်လာသော နည်းပညာသစ်များကိုလည်းလေ့လာခွင့်ရရှိခဲ့ကြပါသည်။ အနာဂတ်လူငယ်များအတွက် အကျိုးကျေးဇူးများစွာရရှိခြင်းမှာ အားရကျေနပ်စရာကောင်းလှပါသည်။

# စီးပွားရေးတိုးတက်ဖို့ ဒစ်ဂျစ်တယ်မာကက်တင်းလုပ်ကြစို့။

တလောကထိုင်းနိုင်ငံဘန်ကောက်ပို့စ်သတင်းစာမှာ "ထိုင်းနိုင်ငံတွင်လူဦးရေ၏ ၅၆% ခန့် အင်တာနက်သုံးနေကြသော်ငြား လည်း ထိုင်းကုမ္ပဏီများ၏ ၈၅%ခန့်မှာ ဒစ်ဂျစ်တယ်မာကက်တင်းနည်းဖြင့် ဈေးကွက်ရှာဖွေထိုး ဖေါက်၊ ထိန်းသိမ်းမှုမလုပ်နိုင်ကြလို့ ယှဉ်ပြိုင်ထိုးဖောက်နိုင်စွမ်းလျော့နည်းကာ စီးပွားရေးတိုးတက်မှုနှေး ကွေးမှုနှုံးနေးကွေးနေသည်။" ဟု ဖတ်လိုက်ရသည်။

ဒစ်ဂျစ်တယ် မာကက်တင်း ဆိုသည်မှာ တယ်လီဖုန်းသို့ မက်ဆေ့ချ် (message) ပေးပို့ကြော်ငြာခြင်း၊ ဖေ့စ်ဘုတ် (facebook) ကဲ့သို့ ဆိုရှယ်မီဒီယာပေါ်မှတစ်ဆင့် ကြော်ငြာခြင်း၊ အထူးပရိုမိုးရှင်းဈေးလျှော့ခြင်းများ၊ စင်တင်တေးဂီတပွဲ များ၊ ပြပွဲများတို့ကို ကြော်ငြာခြင်း၊ ဖောက်သည်ဟောင်းများကို ပွဲများသို့ ဖိတ်ကြားခြင်း၊ အထူးအခွင့်အရေးများပေးပို့ခြင်း စသည့်ဒစ်ဂျစ်တယ်နည်းလမ်းအသွယ်သွယ်ဖြင့် ဈေးကွက်မြှင့်တင်ခြင်းဖြစ်သည်။

ကျွန်တော်တို့မြန်မာနိုင်ငံနှင့် ယှဉ်၍ စဉ်းစားမိသည်။ မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံနောက်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသည်ဟုဆိုနိုင်သော်ငြားလည်း ယနေ့ အခြေအနေတွင် တယ်လီဖုန်း သိပ်သည်းဆ (Tele-Density) မှာ ၈၅% ကျော်သွားပြီးဖြစ်ပြီး ထိုတယ်လီဖုန်းများ၏ ၉၇%ခန့်မှာ အင်တာနက် သုံးနိုင်သောစမက်ဖုန်းများဖြစ်ကြသဖြင့် တယ်လီဖုန်းနှင့် အင်တာနက် ချိတ်ဆက်မှုကဏ္ဍတွင် ကျော်ဖြတ်တော့မည်ဟု စဉ်းစားမိသည်။

သို့ဆိုလျှင် မြန်မာပြည်မှာလည်း ဒစ်ဂျစ်တယ်မာကက်တင်းလိုပြီလားဟု ဆန်းစစ်ကြည့်၍ ဈေးကွက်သုတေသန အနည်းငယ်လုပ်ကြည့်ခဲ့မိသည်။ ရုံးမှ မဝင်းမြသွေး၏ ဈေးကွက် သုတေသန အစီရင်ခံစာအရ ဆေးရုံများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ သင်တန်းကျောင်း များ၊ စူပါမားကတ်များ၊ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ ဘဏ်များ၊ အာမခံကုမ္ပဏီများ၊ ကားအရောင်း စင်တာများ၊ တယ်လီဖုန်းအရောင်းဆိုင်များ၊ ဆောက်လုပ်ရေးသုံးပစ္စည်းအရောင်းဆိုင်များ၊ လေကြောင်းလိုင်းများ၊ ခရီးသွားကုမ္ပဏီများ စသည့် စီးပွားရေးလုပ်ငန်း အသီးသီးသည် ဒစ်ဂျစ်တယ်မာကက်တင်းလုပ် လိုသော်လည်း ရုံးတွင်း၌ သီးသန့်ကျွမ်းကျင်သူ လူမရှိခြင်း၊ အဆိုပါဒစ်ဂျစ်တယ် မားကက်တင်း ဝန်ဆောင်မှုလုပ်ငန်းများနည်းပါးခြင်းတို့ကြောင့် မလုပ်နိုင်ကြသဖြင့် ဈေးကွက်ထိုးဖေါက်မှု အားနည်းနေသေးကြောင်း တွေ့ရှိရပါသည်။

ထိုသို့လေ့လာတွေ့ရှိသည်နှင့် အညီ မွန္တလေးနည်းပညာကုမ္ပဏီ၏ ITSS (IT Solutions and Services) ဌာနသည် ဒစ်ဂျစ်တယ်မာကက် တင်းဝန်ဆောင်မှုများပေးနိုင်ရန် အတွက် ပြင်ဆင်ခဲ့ကြရာ ယခုအခါ ထိုင်းနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ ပညာရှင်များနှင့်ပူးပေါင်း၍ Digital Integrated Marketing ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းများ၊ ဈေးကွက်ချဲ့ထွင်နိုင်ဖို့နှင့် ဈေးကွက်ထိန်းထိမ်းနိုင်ဖို့ ဒစ်ဂျစ်တယ်မာကက်တင်းလုပ်ရန် ကျွန်တော်တို့ဆီမှ အောက်ပါ ပုဂ္ဂိုလ်များကကူညီပေးရန် အဆင်သင့်ရှိပြီးဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

Ms. Orapin (ခွန်ပင်း)(09-975755643)
Mr. Christian Estacio (ခရစ်ရှန်)(09-775584457)
မဂင်းမြသွေး (09-253684306)
မအောက်ရှ်လေချို (09-787004469)


# STEP INTO THE DIGITAL AGE!

## Digital Integrated Marketing

is the premier solution for SMS marketing and social media marketing such as Facebook. By using these digital marketing channels, you now have more options to reach out to your clients for promotion, brand awareness and improving customer relationships. Bring your company up to the international standard through Digital Marketing today!

**Digital Integrated Marketing Co. Ltd.**
For more information please contact
Ms. Win Mya Thway
Hp : 09-970 191 602, 09-253 684 306
Ms. Ashley Cho
Hp : 09-787 004 469
Bldg. 11/ 504 MICT Park,
Hlaing Township, Yangon,
Myanmar 11052




# Training Systems for vocational and advanced technical education

ELABO**TrainingsSysteme**

Our customers:

- Vocational Training Centers
- Industry Training Centers
- Trades
- Service companies
- Schools
- Vocational schools
- Technical schools
- Colleges
- Universities
- Chambres of commerce

We offer training systems for:

- Protective measures
- Electronics
- Electrical engineering
- Energy technology
- Control technology
- Automation technology
- Drive technology
- Control engineering
- Building communication
- Safety Technology



# TERCO

TERCO was founded in 1963 and is a major manufacturer and provider of equipment for engineering education. Our equipment is used at various levels for training and advanced post-graduate courses at technical schools, universities, organizations and industrial training centers all over the world.

TERCO is today represented in more than 60 countries worldwide and our products have always met recognition for high quality and durability and meeting the technical demands of today´s industry. With our products for training in Power Technology we maintain a close cooperation with ABB, a world leader in Electrical Engineering.



- Electrical Power Systems
- Electrical Machines & Drives Program
- Electricity & Electronics
- Control, Mechatronics & Process
- Energy
- Material Testing
- Power Distribution Systems and Furniture

www.tercosweden.com

ဆက်သွယ်ရန် -

ဦးသူရ (09 - 5140000)၊ ဒေါ်မေရှိုး (09 - 799955509)၊ ဦးထူးဇာနည်ဦး (09 - 9777887735)

# IMRPOVE DATA QUALITY AND CONSISTENCY

## Intergraph® Engineering & Schematics Solutions



Intergraph® Engineering & Schematics applications break down the discipline silos in your organization with an integrated solution. Each task offers a step change in engineering and design, and dramatic benefits.

Highlights of the range include:

- **SmartPlant® P&ID:** Develop and manage your piping and instrumentation diagrams
- **SmartPlant Instrumentation:** Create and manage instrumentation data
- **SmartPlant Electrical:** Quality, reliability, and efficiency in electrical design, construction, operations, and maintenance
- **SmartPlant Engineering Integrity:** Check P&IDs, instruments, and electrical data

**To see demonstrations, case studies, and more, visit ppm.intergraph.com/engineering-and-schematics**

**Take Intergraph Engineering & Schematics applications for a test drive:**

**SmartPlant Instrumentation:** www.runaware.com/clients/intergraph/?product=inst
**SmartPlant Electrical:** www.runaware.com/clients/intergraph/?product=spe
**SmartPlant P&ID:** www.runaware.com/clients/intergraph/?product=pid

PART OF HEXAGON

INTERGRAPH®

© Intergraph Corporation. All rights reserved. Intergraph is part of **Hexagon**. Intergraph, the Intergraph logo, and SmartPlant are registered trademarks of Intergraph Corp. or its subsidiaries in the United States and in other countries.